ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြု တတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်း ကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ် ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြ မစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 November 2021 ၁၀၅၅၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အခြေခံပညာကျောင်းများ ဖွင့်မှုရလဒ်အပေါ်မူတည်ပြီး တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်သွားမည်

## တိုင်းပြည်၏ဝင်ငွေ တိုးတက်စေရေး သဘာဝသယံဇာတများကိုသာ အားကိုးမနေဘဲ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက် ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ သာယာဝပြောမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၇/၂၀၂၁)တွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၇/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြ သည်။

### ရည်မှန်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာ၌ အောက်တိုဘာလကုန်တွင် ၃ ရာခိုင်နှုန်းအထိ ကူးစက်မှုနှုန်း ကျဆင်း စေရန် ရည်မှန်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အတွက် အဓိက လိုအပ်ချက်ဖြစ်သည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး၊ ရပ်နားထားရ သည့်လုပ်ငန်းများနှင့် ယန္တရားများ ပြန်လည်လည်ပတ်ရေးများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကျဆင်းရေး ရည်မှန်းချက်ထားဆောင်ရွက်ခဲ့ရာတွင် ၃ ရာခိုင်နှုန်းအထိ မရောက်ရှိ သော်လည်း ၄ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ဖြစ်ပွားမှုနှုန်းများလျက်ရှိသည့် မြို့နယ် ၁၅ မြို့နယ်ခန့်ကို ဖယ်ထုတ်လိုက်ပါက ကူးစက်မှုနှုန်း ၃ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိ နေသည်ကို တွေ့ရှိရကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

ဆောင်းပါး စာမျက်နှာ » ၆

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်း ဖွင့်လှစ်ပေးသွားမည်**

စာမျက်နှာ » ၇

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၇၆ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၈

ကြေးမုံ

# မြို့ရွာများအေးချမ်းသာယာရေး ဝိုင်းဝန်းကူညီ

ယနေ့လက်ရှိ ပြည်သူများ၏ နေထိုင်မှုဘဝများအား စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် ခြိမ်းခြောက်မှု၊ အနာဂတ်တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးကို ထိပါးနှောင့်ယှက်ခြိမ်းခြောက်မှုများသည် ကမ္ဘာပေါ်ရှိပြည်သူများ လုံးဝလက်မခံသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်သည်။ ယနေ့အချိန်အခါတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသောအခါ၌ အချို့မြို့ပြကျေးလက်အချို့တွင် ပုန်းခိုလှုပ်ရှားနေသော အကြမ်းဖက်သမားများက အလစ်အငိုက်တိုက်ခိုက်ဖျက်ဆီးနေကြသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးရေးနှင့် စစ်မှန်သည့်ဒီမိုကရေစီစနစ်ပေါ်ထွန်းလာရေးကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိရာတွင် အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားသည့် CRPH နှင့် NUG တို့က ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်မတည်ငြိမ်ရေး၊ အုပ်ချုပ်ရေးယန္တရား မလည်ပတ်စေရေး၊ ပြည်ပမှဖိအားများ များလာစေရေး ရည်ရွယ်ချက်ဖြင့် ပြည်တွင်းမှအစွန်းရောက်ပါတီဝင်များ၊ ဝန်းရံသူများ၊ အမျိုးသားသစ္စာဖောက်များအား ထောက်ပံ့လှုံ့ဆော်အားပေးလျက်ရှိသည်။ ၎င်းတို့သည် ပြည်ပမှ CRPH နှင့် NUG တို့ လမ်းညွှန်ထောက်ပံ့မှုဖြင့် ပတ်ဝန်းကျင်မှ အာဃာတအစွဲကြီးသူများ၊ အသိမဲ့လူငယ်များ၊ ရန်ငြိုးရန်စရှိသူများ၊ လူဆိုးလူမိုက်နှင့်ဒုစရိုက်သမားများကို စည်းရုံးသိမ်းသွင်း ထောက်ပံ့ပေးပြီး အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးလုပ်သည်မှာ အကြမ်းဖက်သတ်ဖြတ်ခြင်းအလုပ်မဟုတ်ပေ။ အကြမ်းဖက်သတ်ဖြတ်ခြင်းမှာ လူဆိုးလူမိုက်၊ အစွန်းရောက်များ၏အလုပ်ဖြစ်သည်။ သို့သော် ၎င်းတို့အာဏာရရှိရေးအတွက် ပြည်သူ့အာဏာ ပြည်သူများအား ပြန်လည်ပေးအပ်ရေးဟု ပြည်သူများအားလှည့်စားပြီး အာဏာရရေးကြိုးပမ်းနေမှုများကို မြင်တွေ့နေရသည်။ အောက်တိုဘာလ ၂၄ ရက်က အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို ပြုလုပ်ခဲ့သည့် ယခင် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ ယခုအကြမ်းဖက် CRPH နှင့် NUG တို့၏ နိုင်ငံရေးနှင့်လုံခြုံရေးအကြံပေး ကျော်မင်းယု (ခ) ဂျင်မီအား အကြမ်းဖက်လက်နက်များနှင့် ဖမ်းဆီးရမိလိုက်ရာ ဒီမိုကရေစီနိုင်ငံရေး အရေခြုံထားသူများ၏ အတွင်းသရုပ်နှင့် ဇာတ်မြစ်ကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အယောင်ပြလှုပ်ရှားကြသူများသည် လူမှုဘဝပတ်ဝန်းကျင်နယ်ပယ်တွင် စည်းရုံးလှုပ်ရှားမှုများကို အစောပိုင်းကာလကတည်းက အကွက်ချစီမံကာ ကျယ်ကျယ်ပြန့်ပြန့်လုပ်လာသဖြင့် ပြည်ပအထောက်အပံ့များဖြင့် ပြည်တွင်းအဖျက်လုပ်ရပ်များကို ကာလရှည်ကြာလုပ်ဆောင်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ၎င်းတို့သည် ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ယခုကာလအထိ မြို့တွင်း၌ ဟန်မပျက်နေထိုင်ပြီး ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် CDM လှုပ်ရှားမှုတွင် ပြည်သူများပါဝင်လာစေရေးအတွက် သတင်းမီဒီယာများနှင့်ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများပြုလုပ်ခဲ့သည်။ ဧပြီလတွင် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ပြီးနောက် ဖောက်ခွဲဖျက်ဆီးရေး၊ လက်နက်ကိုင်တိုက်ခိုက်ရေးနှင့် လုပ်ကြံသတ်ဖြတ်ရေးတို့ကို ဆောင်ရွက်ရန် ရန်ကုန်မြို့တွင် အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် CRPH နှင့် NUG အဖွဲ့က ထောက်ပံ့ပေးသည့် ငွေကြေးနှင့် လက်နက်ပစ္စည်းများဖြင့် မြို့နယ်များအတွင်း၌ အကြမ်းဖက်ဖောက်ခွဲလူသတ်မှုများ ပြုလုပ်ခဲ့သည်။

မြို့ရွာများ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများကို ရှာဖွေဖမ်းဆီးခဲ့ရာ ၎င်းအဖွဲ့နှင့်ဆက်စပ်အဖွဲ့များမှ အကြမ်းဖက်သမားများနှင့် လက်နက်ခဲယမ်းပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။ သို့သော် အကြမ်းဖက်သမားများအတိုင်းအတာတစ်ခုရှိနေဦးမည်ဖြစ်ရာ ထိုသို့ရှိနေရခြင်းသည် အကြမ်းဖက်ထောက်ပံ့ရေးလမ်းကြောင်းနှင့် အသိမဲ့သောမကောင်းမှုဒုစရိုက်မှုကျူးလွန်နိုင်သူများရှိနေသောကြောင့်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြမ်းဖက်သမားများ အမြစ်ပြတ်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ အကြမ်းဖက်သမားအမြစ်ပြတ်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာသတင်းပေးနိုင်ကြောင်း အသိပေးထားပြီးဖြစ်သည်။ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအားလည်း လျှို့ဝှက်စွာဖြင့် ထိုက်တန်စွာဆုငွေချီးမြှင့်ပေးမည်ဖြစ်သည်။ သို့ဖြစ်ရာ မြို့ရွာများအမြန်ဆုံးတည်ငြိမ်အေးချမ်းပြီး ပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့် အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၅-၁၁-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၂-၉-၂၀၂၂) နေ့မှ (၂၆-၁၀-၂၀၂၂) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေခုနစ်ဦး ပေါင်းကိုးဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၀၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၈၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## လှည်းကူးမြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံမော်တာစက်ချုပ်သင်တန်း (အခမဲ့) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကလီထော်ကျေးရွာ၌ ကျင်းပသည်။



**သင်ကြားပေးသွားမည်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူထွေး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် တာဝန်ခံဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ကလီထော်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ အား မော်တာစက်ဖြင့် အခြေခံစက်ချုပ်နည်းအဆင့်ဆင့်ကို စာတွေ့လက်တွေ့ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဥဏ်ဟိန်း**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂၈၆ | ၂,၄၅၉,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၅,၇၇၈ | ၁၈,၆၁၉,၇၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၇ | ၁၃၄,၃၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၇၃ | ၇၆၄,၃၅၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၁၇ | ၄၉,၃၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၁ | ၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၇.၅၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၄.၀၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၇.၅၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၈၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၂.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၆၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ယခုလ ၈ ရက်အထိ ကျောင်းသား ကျောင်းသူစုစုပေါင်း နှစ်သန်း သုံးသိန်း ငါးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်ချိန်နှင့် တွက်ချက်ပါက တစ်ပတ်အတွင်း ကျောင်းသား တစ်သန်းကျော် ထပ်မံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နောက်ကျနေ၍မရသဖြင့် ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများအား ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အသက် ၄၅ နှစ်အထက် ပြည်သူများကိုလည်း ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ**

❒ ရှေ့ဖုံးမှ

ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားသည့် မြို့နယ်များ၌ ရောဂါထိန်းချုပ် ကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အထူးအဖွဲ့ ဖွဲ့စည်း၍ နယ်မြေသုံးခုခွဲကာ ထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းရရှိသည့်နေရာများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကူးစက်သူများကို ဖော်ထုတ်နိုင်သဖြင့် ရောဂါကုသရေးများကို လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ထပ်မံကူးစက်မှုကိုလျှော့ချနိုင်ခဲ့ပြီး ထိန်းချုပ်ရေးကိစ္စများတွင် အထောက်အကူရကြောင်း၊ ရောဂါပိုးကူးစက်မှုထိန်းချုပ်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ရောဂါထိန်းချုပ် ကုသရေးပစ္စည်းများနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းပေးထားသော်လည်း ယခုထက် ပိုမိုဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ Stay at Home ထားရှိသည့် မြို့နယ်များကျန်ရှိနေပြီး လျှော့ချ၍ရသည့် မြို့နယ်များကိုလည်း ထပ်မံလျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ Stay at Home ဆောင်ရွက်ထားခြင်းမရှိသော်လည်း သွားလာရေးနှင့် နေထိုင်ရေးစည်းကမ်းများအား ကိုဗစ်ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ ညွှန်ကြားထားသည့်အတိုင်း နေထိုင်လိုက်နာဆောင်ရွက်သွားရန်အတွက် ပြည်သူများအနေဖြင့်လိုက်နာရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြစ်စေရန် စေတနာထား ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း။

### ပြန်လည်ဖွင့်လှစ်ခဲ့

ကျောင်းများပြန်လည်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကျဆင်းလာခြင်းကြောင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းများ စတင်ဖွင့်လှစ်ချိန်တွင် ရာသီတုပ်ကွေးဖြစ်ပွားမှု၊ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်မှုများ နည်းပါးခဲ့ကြောင်း၊ သို့သော် ယခုလ ၈ ရက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း နှစ်သန်း သုံးသိန်း ငါးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်ချိန်နှင့် တွက်ချက်ပါက တစ်ပတ်အတွင်း ကျောင်းသား တစ်သန်းကျော် ထပ်မံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နောက်ကျနေ၍မရသဖြင့် ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အသက် ၄၅ နှစ်အထက်ပြည်သူများကိုလည်း ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်း ကျောင်းသားမိဘများနှင့် ရပ်ရွာအေးချမ်းသာယာရေးလိုလားသူများက ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးမှုများကြောင့် စာသင်ကျောင်းများတွင် နှောင့်ယှက်မှုများ အနည်းငယ်သာရှိကြောင်း၊ အချို့နေရာများတွင် ခြိမ်းခြောက်မှုများရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိုက်မဲသည့် လုပ်ရပ်များဖြစ်ပြီး နိုင်ငံကို ဒုက္ခပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများအား ပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ပြည်သူများက သတင်းပေး၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ အလားတူ ရပ်ရွာများအတွင်း အကြောင်းမဲ့ သတ်ဖြတ်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် တားဆီးသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကာအကွယ်ပေးခြင်းနှင့် ဖော်ထုတ်ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသဖြင့် ပြည်သူများ၏ တာဝန်သိမှုနှင့် တက်ကြွသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်သူ့လုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်မှသာ ပြည်သူ့လုံခြုံရေးကို ရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်မည်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

### သင်တန်းတွေပေးနေပြီ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် "တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့က အခြေခံပညာကျောင်းတွေ ဖွင့်လာပြီ။ ဆက်လက်ပြီး ကျွန်တော်တို့က တက္ကသိုလ်တွေ အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီး ဖွင့်ဖို့ရှိပါတယ်။ အဲဒီတော့ အခုလောလောဆယ် တက္ကသိုလ်မှာ လိုအပ်တဲ့ ဆရာ ဆရာမတွေကို ကျွန်တော်တို့ အသစ်တွေ ခန့်ထားတာတွေ လုပ်နေပါတယ်။ ခန့်ထားပြီးတော့ ကျွန်တော်တို့ သင်တန်းတွေပေးနေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီအခြေခံပညာကျောင်းဖွင့်မှုရဲ့ ရလဒ်အပေါ်မူတည်ပြီးတော့ တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဒီလိုဖွင့်တဲ့အခါမှာလည်း အဆင့်လိုက်ဖွင့်လှစ်ပါမယ်။ တစ်ပြိုင်တည်း ကျွန်တော်တို့ အကုန်တော့မဖွင့်နိုင်ဘူး။ မဟာတန်းတွေ၊ ပါရဂူတန်းတွေ၊ Qualified တန်းတွေ၊ ဂုဏ်ထူးတန်းတွေ ဒါပြီးလို့ရှိရင် နောက်ဆုံးနှစ်၊ တတိယနှစ်၊ ဒုတိယနှစ် စသည်ဖြင့် ဒီလိုဖွင့်သွားမှာပါ။ ဒီလိုအဆင့်လိုက်ဖွင့်သွားမယ်ဆိုရင် သက်ဆိုင်ရာ ကျောင်းတွေမှာလည်း သိပ်ပြီးတော့မှ အခက်အခဲသိပ်မရှိနိုင်ဘူးလို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒီလိုလေး ကျွန်တော်တို့ စဉ်းစားထားပါတယ်။ ဒါကတော့ အခြေခံကနေစပြီး ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကျောင်းသားများကတော့ ပညာသင်ကြားရေးမှာ ပညာသင်ကြားရမယ့်အရွယ်မှာ ပညာရေးကိုပဲ စိတ်ဝင်စားဖို့လိုပါတယ်။ ကျွန်တော်တို့ လိုလားတာကတော့ ကျောင်းသားက ပညာသင်ကြားဖို့ပါ။ ပညာသင်ကြားရမှာ။ ပညာသင်ကြားဖို့ တာဝန်ရှိပါတယ်။ စာတွေတတ်အောင်သင်ဖို့လည်း ပညာရေးဝန်ကြီးဌာနကိုလည်း ကျွန်တော် ကြပ်မတ်ပြီးတော့ ပြောဆိုလျက်ရှိပါတယ်။ ပညာတတ်အောင်၊ စာကိုတတ်အောင်သင်ပေးမယ်။ အတန်းအောင်ဖို့ထက် စာတတ်ဖို့ အရေးကြီးပါတယ်။ အတန်းအောင်ဖို့ထက်၊ စာမေးပွဲအောင်ဖို့ထက် ပညာတတ်ဖို့ အရေးကြီးပါတယ်။ သူ့ရဲ့လျော်ညီတဲ့ အတန်းပညာတတ်ဖို့ လိုပါတယ်။ ဒါအရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့အစည်းအဝေးမှာလည်း ပြောပါတယ်။ KG+9 ကတော့ ကျွန်တော်တို့ အခြေခံ ကျွန်တော်တို့ရဲ့ ပညာရေးရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ KG+9 ဖြစ်ပါတယ်။ KG+9 ပြီးတာနဲ့ ကျွန်တော်တို့ vocational ကို အသက်မွေးဝမ်းကျောင်းပညာသင်ကြားဖို့အတွက် အခြေခံရသွားပြီဖြစ်ပါတယ်။ သူသင်လို့ရသွားပြီ။ KG+9 မရှိဘဲနဲ့တော့ ကျွန်တော်တို့ vocational သွားနိုင်ဖို့ တော်တော်လေး ခက်ပါတယ်။ အဲဒါတွေပြီးတော့ အထက်တန်းပညာ၊ အဲဒါတွေပြီးတော့ အဆင့်မြင့်ပညာ တစ်ဆင့်ပြီးတစ်ဆင့် သွားပေ့ါဗျာ။ ဒီလိုသွားမယ်ဆိုရင် တိုင်းပြည်ပညာရေးက ဒါမြှင့်တင်ပေးရာ ရောက်ပါတယ်။ တိုင်းပြည်ပညာရေး မြှင့်တင်ပေးနိုင်ပြီဆိုရင် တိုင်းပြည်ရဲ့အနာဂတ်ကောင်းနိုင်မယ့် အနေအထားရှိတယ်ဆိုတာလည်း ကျွန်တော် ပြောလိုပါတယ်။ ပညာတတ်တွေနဲ့ပဲ တိုင်းပြည်တည်ဆောက်ရတာဖြစ်ပါတယ်။ ပညာမတတ်တဲ့သူတွေနဲ့ တိုင်းပြည်တည်ဆောက်လို့ မရပါဘူး။ ကျွန်တော်တို့ ဒါကိုလည်း အလေးထားဖို့လိုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များအားလုံးက ပညာနဲ့ပတ်သက်ပြီးတော့ ပညာသင်ကြားရေးမှာ အေးချမ်းစွာပညာသင်ကြားရေးနဲ့ အေးချမ်းစွာ ပညာသင်ကြားရေးပေ့ါ။ သင်ကြားနိုင်ရေးနဲ့ သင်ကြားရေး ဒီနှစ်ခုကို ကျွန်တော်တို့ ဖန်တီးပေးဖို့ လိုမယ်ဆိုတာလေး ပြောလိုပါတယ်"ဟု ပြောကြားသည်။

**အချို့နေရာများတွင် ခြိမ်းခြောက်မှုများရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိုက်မဲသည့်လုပ်ရပ်များဖြစ်ပြီး နိုင်ငံကို ဒုက္ခပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများအား ပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ပြည်သူများက သတင်းပေး၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ အလားတူ ရပ်ရွာများအတွင်း အကြောင်းမဲ့သတ်ဖြတ်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် တားဆီးသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကာအကွယ်ပေးခြင်းနှင့် ဖော်ထုတ်ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသဖြင့် ပြည်သူများ၏ တာဝန်သိမှုနှင့် တက်ကြွသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လို**

**တိုင်းပြည်ပညာရေး မြှင့်တင်ပေးနိုင်ပြီဆိုရင် တိုင်းပြည်ရဲ့အနာဂတ် ကောင်းနိုင်မယ့် အနေအထားရှိတယ်ဆိုတာလည်း ကျွန်တော် ပြောလိုပါတယ်။ ပညာတတ်တွေနဲ့ပဲ တိုင်းပြည်တည်ဆောက်ရတာဖြစ်ပါတယ်။ ပညာမတတ်တဲ့သူတွေနဲ့ တိုင်းပြည်တည်ဆောက်လို့ မရပါဘူး။ ကျွန်တော်တို့ ဒါကိုလည်း အလေးထားဖို့လိုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များအားလုံးက ပညာနဲ့ပတ်သက်ပြီးတော့ ပညာသင်ကြားရေးမှာ အေးချမ်းစွာ ပညာသင်ကြားရေးနဲ့ အေးချမ်းစွာပညာသင်ကြားရေးပေ့ါ။ သင်ကြားနိုင်ရေးနဲ့သင်ကြားရေး ဒီနှစ်ခုကို ကျွန်တော်တို့ဖန်တီးပေးဖို့ လိုမယ်ဆိုတာလေး ပြောလိုပါတယ်။**

### မွေးမှန်းသက်တမ်း ၆၇ ဒသမ ၄၂ နှစ်ရှိ

ယင်းနောက် ကျန်းမာရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပေါ်တွင် မူတည်ပြီး မွေးမှန်းသက်တမ်းများအား မိမိတို့နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ ၂၀၂၀ ပြည့်နှစ်တွင် ၆၇ ဒသမ ၄၂ နှစ်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂလူဦးရေဌာနမှ တွက်ချက်ရာတွင် ၆၇ ဒသမ ၇၈ နှစ်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မွေးမှန်းသက်တမ်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၅၁ တွင်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် မိမိတို့နိုင်ငံသည် နံပါတ် (၆) အဆင့်တွင်ရှိပြီး အာဆီယံနိုင်ငံများတွင် နံပါတ် (၁၀) ရှိကြောင်း၊ အဆိုပါ မွေးမှန်းသက်တမ်းအား အခြေခံအချက်များဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်ဘဝ အခြေအနေများ၊ ပညာသင်ကြားမှုအခြေအနေများ၊ လူမှုစီးပွားဘဝအခြေအနေများ၊ လူနေမှုပုံစံများ၊ ကလေးသေဆုံးမှုနှုန်းများအပေါ်တွင် အဓိကထား၍ တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီစားသုံးမှုလျှော့ချရန်၊ အရက်၊ ဆေးလိပ်သောက်သုံးမှုများ လျှော့ချရန် တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် မိမိပြောကြားခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ယူသည့် ၉ လပြည့်မိန့်ခွန်း၌ မိမိအနေဖြင့် ဆန်စားသုံးမှုအား လျှော့ချ၍ စားသုံးမှုပုံစံ ပြောင်းလဲရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်အားဗိုက်ပြည့်သည်အထိ စားသုံးကြပြီး အဆိုပါဆန်တွင် ကာဗိုဟိုက်ဒရိတ်များ များပြားစွာပါဝင်သဖြင့် အဆီနှင့် အချိုဓာတ်များ ပါဝင်ကြောင်း၊ အလားတူ အခြားအချိုပါဝင်သည့် မုန့်များနှင့် ဟင်းလျာများတွင်လည်း ဆီကို အလွန်အမင်း ထည့်သွင်းအသုံးပြုမှုများရှိသဖြင့် ကာဗိုဟိုက်ဒရိတ်စားသုံးမှု များပြားပါကြောင်း၊ အလားတူအချိုနှင့် ဆီများစားသုံးမှု၊ အရက်နှင့် ဆေးလိပ်များ သောက်သုံးမှုများကြောင့်လည်း ကျန်းမာရေးကို များစွာထိခိုက်နိုင်ကြောင်း၊ ထို့ကြောင့်ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုက်တွန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရုပ်မြင်သံကြားများမှလည်း အဆက်မပြတ် ထုတ်လွှင့်ပညာပေးလျက်ရှိကြောင်း။

### တိုက်တွန်းဆောင်ရွက်

ပြည်သူတိုင်းသက်တမ်းစေ့နေနိုင်ရေး အရေးကြီးသဖြင့် ကာဗိုဟိုက်ဒရိတ် လျှော့ချနိုင်ရေးအတွက် ဆန်စားသုံးမှုလျှော့ချရေးဆောင်ရွက်ပြီး အခြားလိုအပ်သည့် ပရိုတိန်းဓာတ်များ ရရှိစေရေးအတွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ဥများအား စားသုံး၍ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ကြက်ဥသုံးလုံးမှ ခြောက်လုံးအထိ စားသုံးရန် လိုအပ်ပြီး အသားငါးအား တစ်ရက်လျှင် ၅ ကျပ်သားမှ ၁၀ ကျပ်သားအထိ **စာမျက်နှာ ၄ သို့** ❒

❒ စာမျက်နှာ ၃ မှ

နေ့စဉ်စားသုံးရန်နှင့် ဟင်းသီးဟင်းရွက်များအား ၅ ကျပ်သားမှ ၁၂ ကျပ်သားအထိ စားသုံးရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ရေမြေသဘာဝ ကောင်းမွန်သည့် နိုင်ငံဖြစ်သည့်အတွက် သီးနှံများ ဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုအပ်ပြီး မြစ်ချောင်းများအတွင်း ငါးများ ပေါများအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လူတိုင်းသက်တမ်းစေ့နေနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏စွမ်းအားသည် ပြည်သူများပင်ဖြစ်သဖြင့် ပြည်သူများအားလုံး ကျန်းမာစွာဖြင့် နေထိုင်နိုင်ရန်လိုအပ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ စားသုံးမှုနှင့် နေထိုင်မှုပုံစံများ ပြောင်းလဲနိုင်ရေးဆောင်ရွက်ကြရန် တိုက်တွန်းနေခြင်းဖြစ်ကြောင်း။

**ပြည်သူတိုင်းသက်တမ်းစေ့နေနိုင်ရေး အရေးကြီးသဖြင့် ကာဗိုဟိုက်ဒရိတ် လျှော့ချနိုင်ရေးအတွက် ဆန်စားသုံးမှုလျှော့ချရေးဆောင်ရွက်ပြီး အခြားလိုအပ်သည့် ပရိုတိန်းဓာတ်များရရှိစေရေးအတွက် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ဥများအား စားသုံး၍ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေး မိမိအနေဖြင့် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ကြက်ဥ ၃ လုံးမှ ၆ လုံးအထိ စားသုံးရန်လိုအပ်ပြီး အသားငါးအား တစ်ရက်လျှင် ၅ ကျပ်သားမှ ၁၀ ကျပ်သားအထိ နေ့စဉ်စားသုံးရန်နှင့် ဟင်းသီးဟင်းရွက်များအား ၅ ကျပ်သားမှ ၁၂ ကျပ်သားအထိ စားသုံးရန်လို**

### မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် အွန်လိုင်းစာမျက်နှာများတွင် လွတ်လပ်သည့်ရွေးကောက်ပွဲ ဖြစ်ခဲ့ကြောင်း ရေးသားထားမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲနေ့တွင် လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်ကို တွေ့ရှိရသော်လည်း မဲစာရင်းများနှင့်ပတ်သက်၍ လိုအပ်သည့် ပြန်လည်စိစစ်မှုများ ဆောင်ရွက်ချိန်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ချိန်တွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပြီး ၎င်းကိစ္စများကိုမူ မသိကျိုးကျွန်ပြုထားကြကြောင်း၊ ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲတစ်ရက်တည်းကိုသာ ကြည့်၍မရဘဲ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလများကိုကြည့်၍ လွတ်လပ်သည့် ရွေးကောက်ပွဲ ဖြစ်မဖြစ် ကြည့်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိကြောင်းကို မိမိထံသို့ နိုင်ငံရေးပါတီများမှ စာရေးသားတင်ပြခြင်း၊ တွေ့ဆုံစဉ် တင်ပြခြင်းများရှိကြောင်း၊ ထို့ကြောင့် မဲစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့ချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန္ဒမဲပေါင်း ၁၁ သန်းကျော်ခန့် မဲစာရင်းများမှားယွင်းခဲ့သည်ကို အခိုင်အမာတွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် မဲစာရင်းမသမာမှုပြုလုပ်ခြင်းသည် အဆိုးရွားဆုံးသော လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီ ၁၀ နှစ်သားသာရှိသေးသဖြင့် မိမိအနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း။

ပြည်တွင်းခရီးသွားလာရေးနှင့် ပတ်သက်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးပြီးဖြစ်သဖြင့် ပို့ဆောင်ရေး လုပ်ငန်း၊ တည်းခိုရေးလုပ်ငန်း၊ စားသောက်ရေး လုပ်ငန်းများနှင့် ပစ္စည်းရောင်းဝယ်မှုလုပ်ငန်းများ အထိုက်အလျောက် လုပ်ငန်းများပြန်လည်လည်ပတ် လာပြီဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ကိုဗစ် ရောဂါထိန်းချုပ်မှု အခြေအနေများအပေါ်တွင် မူတည် ၍ နိုင်ငံတကာခရီးသွားလုပ်ငန်းများအား ဒီဇင်ဘာလ (သို့မဟုတ်) ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ တကာတွင်လည်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် နယ်မြေအလိုက်၊ မြို့ဝင်မြို့ထွက်များအလိုက် ကိုဗစ်စည်းကမ်းနှင့်အညီဖြစ်စေရေး ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့က ပြည်ပစွက်ဖက်မှုဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံအပေါ် ကိုယ်ချင်းစာနားလည်မှုရှိသည့် နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ကြံ့စိုက်တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းရှိ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရေး၊ အခြေခံပညာကျောင်းများတွင် စာသင်ခန်းသုံးသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ ကိုဗစ်-၁၉ ရန်ပုံငွေချေးငွေအစီအစဉ်တွင် အခြေခံလူတန်းစားများကို ထည့်သွင်းထုတ်ချေးပေးရေး၊ အခြေခံလူတန်းစားများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ အာဆီယံခရီးသွားလုပ်ငန်း အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် မူဝါဒများထပ်မံဖြည့်စွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် ရာထူးတိုးမြှင့်ရေးတွင် စနစ်တကျ စိစစ်ဆောင်ရွက်ရေး၊ လေယာဉ်ဖြင့် ခရီးသွားမည့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခလျှော့ချပေးရေးနှင့် အလွယ်တကူ စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရေး၊ ကယားပြည်နယ်ရှိ ပြည်သူများ၏ ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ လမ်းညွှန်မှုပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် ပြည်ပစွက်ဖက်မှုဆန့်ကျင်ရေးဥပဒေနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် နိုင်ငံအလိုက် ဥပဒေများအား ဥပဒေရေးရာဝန်ကြီးဌာနက လိုအပ်သည့်စိစစ်လေ့လာမှုများ ဆောင်ရွက်ရန် တာဝန်ပေးထားကြောင်း၊ မိမိတို့အနေဖြင့် မြေပေါ်မြေအောက် သယံဇာတထုတ်ယူမှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ကုန်ကြမ်းအနေဖြင့် ထုတ်လုပ်ရောင်းချမှုကို တားမြစ်ထားပြီး Value added တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချမှုကိုသာ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်သွယ်ဆက်ဆံလျက်ရှိပါကြောင်း၊ ထို့ပြင် အာဆီယံက ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးများတွင် မိမိတို့နိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကြံ့စိုက်တောင်သူများ လတ်တလော တွေ့ကြုံနေရသည့် အခက်အခဲများကို ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ရွေးကောက်ပွဲနေ့တွင် လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်ကို တွေ့ရှိရသော်လည်း မဲစာရင်းများနှင့်ပတ်သက်၍ လိုအပ်သည့် ပြန်လည်စိစစ်မှုများဆောင်ရွက်ချိန်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ချိန်တွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပြီး ၎င်းကိစ္စများကိုမူ မသိကျိုးကျွန်ပြုထားကြကြောင်း၊ ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲတစ်ရက်တည်းကိုသာ ကြည့်၍မရဘဲ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလများကို ကြည့်၍ လွတ်လပ်သည့်ရွေးကောက်ပွဲဖြစ်မဖြစ် ကြည့်ရ**

အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် နိုင်ငံပိုင်နှင့် တပ်မတော်ပိုင် မီဒီယာကဏ္ဍမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍနှင့်စပ်လျဉ်း၍ လူထုအခြေပြုအားကစား ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ အခြေခံလူတန်းစားများအား ချေးငွေထုတ်ချေးပေးရေးနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များကို အခြေခံတွက်ချက်၍ ဘဏ္ဍာရေးအခြေအနေပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဝင်ငွေတိုးတက်စေရေးအတွက် သဘာဝသယံဇာတများကိုသာ အားကိုးနေ၍မရဘဲ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံခရီးသွားစကြံ့တွင် ပါဝင်လျက်ရှိပြီး လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ ပြည်တွင်း ခရီးသွားလုပ်ငန်းများ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ပြီဆိုပါက ပြည်ပခရီးသွားလုပ်ငန်းများကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သည့် စီမံကိန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အားကစားကဏ္ဍမူဝါဒတွင် လိုအပ်သည့် အချက်များကို ထပ်မံဖြည့်စွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် လိုအပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ပြိုင်ပွဲများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးသွားပြည်သူများ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးကိစ္စများနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ကြိုးစားဆောင်ရွက်လျက်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ငွေကြေးခိုင်မာမှုရှိပြီး စီးပွားရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည် စီးပွားရေး ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်၏ ကုန်သွယ်မှုလိုငွေကို လျှော့ချနိုင်ရေး အတွက် သွင်းကုန်များကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်ရှိသည့် တန်ဖိုးမြှင့်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ သာယာဝပြောမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ ရည်ရွယ်ချက်သည်လည်း တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်၏ ဦးဆောင်မှုကို ပုဂ္ဂလိကဘဏ်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ငွေပေးချေမှုစနစ်တွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များ လိုက်နာဆောင်ရွက်နိုင်ရန် ဘဏ်စည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ဗဟိုဘဏ်မှ ဝင်ရောက်ထိန်းကျောင်းပေးခြင်းဖြင့် ပြည်သူများ ဘဏ်စနစ်အပေါ် ယုံကြည်မှုရှိပြီး ငွေကြေးခိုင်မာမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံခြားငွေ ကုန်ကျမှုကို စိစစ်သုံးစွဲနိုင်ပါက တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ စားအုန်းဆီ တင်သွင်းမှုနှင့် စက်သုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မှသာ နိုင်ငံခြားသုံး ငွေ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် စားသောက်မှုပုံစံကို ပြင်ဆင်သွားရန်နှင့် ဆီစားသုံးမှုကို လျှော့ချသွားရန် လိုအပ်ကြောင်း၊ ထို့ပြင် စက်သုံးဆီတင်သွင်းမှု လျှော့ချရေးအတွက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူ ပို့ဆောင်ရေးစနစ် ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်တွင်းခရီးသွားလာရေးနှင့်ပတ်သက်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးပြီးဖြစ်သဖြင့် ပို့ဆောင်ရေးလုပ်ငန်း၊ တည်းခိုရေးလုပ်ငန်း၊ စားသောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းရောင်းဝယ်မှုလုပ်ငန်းများ အထိုက်အလျောက် လုပ်ငန်းများပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ကိုဗစ်ရောဂါထိန်းချုပ်မှုအခြေအနေများအပေါ်တွင် မူတည်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းများအား ဒီဇင်ဘာလ(သို့မဟုတ်) ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်**

# ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

**နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စတုတ္ထအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စတုတ္ထအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနားကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်တို့က အဖွင့်အမှာစကားပြောကြားကြပြီး စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက စီမံကိန်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စီမံကိန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ဒေသတွင်းအဖွဲ့ဝင် ခြောက်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီရေး၊ ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထားဖော်ဆောင်ရန် ရည်ရွယ်၍ မဲခေါင်မြစ်ဖြတ်သန်း စီးဆင်းသည့်နိုင်ငံများ၏ ရေမြေသဘာဝနီးစပ်မှု၊ သမိုင်းနှင့် ယဉ်ကျေးမှုဆက်နွယ်မှု၊ ဓလေ့ထုံးစံများ၊ တွေးခေါ်မှုပုံစံများ၊ နေထိုင်စားသောက်မှု စရိုက်လက္ခဏာများ ပူးနွှံ ဆက်နွယ်လျက်ရှိသော တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၏ ဆန်းယကြေညာစာတမ်း (Sanya Declaration) အရ မဲခေါင်နိုင်ငံများသည် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်နိုင်ရေးကို အရင်းတည်သည့် မဲခေါင်-လန်ချန်းစိတ်ဓာတ်ဖြင့် ပေါင်းစည်းဆက်နွယ်မှု၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးစားပေးနယ်ပယ် ငါးရပ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စီမံကိန်း ၂၄ ခု ဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း စီမံကိန်းများတွင် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ၂၀၁၇ ခုနှစ်တွင် ပထမအသုတ် စီမံကိန်း ငါးခု၊ ၂၀၁၈ ခုနှစ်တွင် ဒုတိယအသုတ်စီမံကိန်း ကိုးခု၊ ၂၀၂၀ ပြည့်နှစ်တွင် တတိယအသုတ်စီမံကိန်း ခြောက်ခု၊ ၂၀၂၁ ခုနှစ်တွင် စီမံကိန်း လေးခု စုစုပေါင်းစီမံကိန်း ၂၄ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ခွင့်ပြုထားသည့် စီမံကိန်းလုပ်ငန်းများအရ မျှစ်ထုတ်လုပ်ရေးနှင့် ဆက်စပ်သော ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးတက်စေရန်၊ စိုက်ပျိုးရေးဈေးကွက် အလားအလာရှိသော သီးနှံများဖြစ်သည့် မက္ကဒေးမီးယားစိုက်ပျိုးသည့် လုပ်ကွက်ငယ်တောင်သူများအား နည်းပညာပံ့ပိုးပေးခြင်း၊ အဆင့်မြင့်ထုတ်လုပ်မှု၊ ထုပ်ပိုးမှု နည်းပညာများဖြင့် အရည်အသွေးမြှင့် ကော်ဖီထုတ်လုပ်မှု ဝင်ငွေတိုးတက်စေရေးနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများနှင့် လူနှင့် တိရစ္ဆာန်အကြား အပြန်အလှန်ကူးစက်တတ်သည့် ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်း နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးနှင့် ဆက်စပ် အသက်မွေးဝမ်းကျောင်းပြုနေသော ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ယင်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးဒဏ်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုများကြောင့် သွင်းအားစုစရိတ်ကြီးမြင့်လာမှု၊ သယ်ယူပို့ဆောင်ရေး အခက်အခဲစသည့် စိန်ခေါ်မှုများရှိခဲ့သော်လည်း ညှိနှိုင်းခွင့်ပြုထားသည့် လုပ်ငန်းစီမံကိန်းများ၊ ရန်ပုံငွေများနှင့်အညီ မျှော်မှန်းရလဒ်များရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ ၂၀၂၁ - ၂၀၂၂ မိုးစပါးစံကွက် ရိတ်သိမ်း

**နေပြည်တော် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ငွေတောင်ကျေးရွာ ကွင်းအမှတ်(၇၀၉) ကွင်းအမည် (ကျုံဖားတောင်ကွင်း) ဦးပိုင်အမှတ် (၁၀) ဧရိယာ ၂၂ ဒသမ ၆၄ ဧကရှိ တောင်သူဦးတင်စိုး လုပ်ပိုင်ခွင့်ရ လယ်မြေအတွင်းမှ စိုက်ပျိုးထားသည့် ဆင်းသွယ်လတ် စပါးမျိုးကောင်း အတန်းအစား ကိုယ်စားပြု မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရိတ်သိမ်းသည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် အဖွဲ့ဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသောင်းနိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးခိုင်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး မိုးဦးကာလစိုက်ပျိုးခဲ့သည့် ဆင်းသွယ်လတ် စပါးမျိုးအား တောင်သူများနှင့်အတူ ရိတ်သိမ်းခဲ့ကြောင်းနှင့် စပါးတစ်ဧကအထွက်တင်း ၉၉ ဒသမ ၂၇ တင်း ထွက်ရှိကြောင်း သိရသည်။



**ဘိုကလေး(ပြန်/ဆက်)**

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှလျှော့စားစို့

**ဆီကိုရေချိုး ဆေးရိုးမီးလှူ စပါးတောင်ပုံလို့ ဆိုစမှတ်ပြုရလောက်အောင် စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဆန်ရေစပါး၊ ကောက်ပဲသီးနှံတို့ ဖူလုံပြည့်စုံခဲ့သလို ဆီစားသုံးမှုကလည်း များပြားခဲ့ပါတယ်။ အသားငါးဟင်းဆိုရင် ဆီပြန်လေးမှ၊ အသီးအရွက်ကြော်ဆိုရင် ဆီလေးရွှဲမှ အရသာရှိတယ်လို့ ထင်ခဲ့ကြပါတယ်။**

တာရာ



ကိုယ်တိုင်စိုက်ပျိုးကြိတ်ခွဲရတဲ့ ခေတ်အခါက ဆီစားသုံးမှုများပြားခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေက မသိသာလှသော်လည်း ယနေ့ခေတ်ကာလလို ဈေးကွက်တွေမှာ ရောင်းချနေတဲ့ စားသုံးရန်မသင့်တဲ့၊ မမှန်ကန်တဲ့၊ ရောနှောထားတဲ့၊ အရောင်၊ အနံ့တို့ ထည့်သွင်းပြုပြင်ထားတဲ့ဆီတွေ ပေါ်များလာချိန်မှာတော့ ဆီစားသုံးမှုများပြားလွန်ကဲခြင်းက ကျန်းမာရေးအတွက် ကြောက်ခမန်းလိလိ အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာကို တွေ့မြင်လာရပါတယ်။

**သုံးမျိုးရှိ**

စားသုံးဆီလို့ဆိုရာမှာ အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာစားသုံးနိုင်တဲ့ မပြည့်ဝဆီ၊ တတ်နိုင်သမျှလျှော့၍ စားသုံးသင့်တဲ့ ပြည့်ဝဆီနဲ့ လုံးဝမစားသုံးသင့်တဲ့ အသွင်ပြောင်းဆီဆိုပြီး သုံးမျိုးရှိပါတယ်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရတဲ့ အဆီတွေက မပြည့်ဝဆီတွေဖြစ်ပြီး သင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့ သွေးတွင်းအဆီဓာတ် (HDL)ကို မြင့်တက်စေနိုင်ပြီး မကောင်းတဲ့အဆီဓာတ်(LDL)ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနဲ့ အမျိုးအစား(၂) ဆီးချိုရောဂါစတဲ့ မကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေမှာ ဖြစ်ပါတယ်။

စားအုန်းဆီ၊ ဒိန်ခဲနဲ့ အမဲသား၊ ဝက်သားစသဖြင့် တိရစ္ဆာန်မှရတဲ့ အဆီတွေကတော့ ပြည့်ဝဆီတွေဖြစ်ပြီး လွန်ကဲစွာစားသုံးခြင်းကြောင့် သွေးတွင်းအဆီဓာတ် (LDL)ကို လွန်ကဲစွာ မြင့်တက်စေကာ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွေမှာ အဆီတွေကပ်ခဲကာ သွေးကြောတွေကျဉ်းလာပြီး နှလုံးသွေးကြောပိတ်ရောဂါနဲ့ လေဖြတ်ခြင်းတွေကို ဖြစ်ပေါ်စေနိုင်မှာ ဖြစ်ပါတယ်။

အသွင်ပြောင်းဆီက အစားအသောက်တွေ ပိုမိုကြာရှည်ခံပြီး အရသာရှိစေဖို့ ပုံမှန်အသုံးပြုတဲ့ဆီမှာ ဟိုက်ဒရိုဂျင်ဓာတ် ထည့်ပေါင်းထားတဲ့ဆီဖြစ်ပါတယ်။ အသင့်စားအစားအစာတွေဖြစ်တဲ့ အာလူးကြော်၊ ကြက်ကြော်၊ စမူဆာ၊ ပဲကပ်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့်တွေမှာပါဝင်တဲ့ ဆီတွေထဲမှာ အများစုက အသွင်ပြောင်းဆီတွေဖြစ်ပါတယ်။ အသွင်ပြောင်းဆီကို စားသုံးတဲ့အခါ ပြည့်ဝဆီစားသုံးခြင်းကြောင့် ရရှိနိုင်တဲ့ဆိုးကျိုးတွေအပြင် သွေးတွင်းဆီ (Triglycerides) ကို ပိုမိုတက်စေခြင်း၊ ကောင်းမွန်တဲ့ သွေးတွင်းအဆီဓာတ် (HDL) ကို ကျစေခြင်းနဲ့ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုတွေကို ထပ်တိုးပြီး ဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါကြောင့် ပြည့်ဝဆီကို တတ်နိုင်သမျှ လျှော့စားပါ။ မပြည့်ဝဆီ သင့်တင့်စွာစားပါ။ အသွင်ပြောင်းဆီပါဝင်တဲ့ အစားအစာတွေစားသုံးမှုကို လုံးဝရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မည်သည့်ဆီကိုမဆို အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားပါတယ်။

**ဆီကို ဖောဖောသီသီထည့်လေ့ရှိ**

ဆီစားသုံးမှု များပြားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ နောက်ဆက်တွဲရောဂါတွေကို ကြားသိလာရပြီး သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှလျှော့စားစို့ဆိုတဲ့ သတိပေးနှိုးဆော်မှုတွေကို တွေ့မြင်လာရတော့ မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးလို့ခေါ်တဲ့ဒေသမှာ မွေးဖွားကြီးပြင်းလာသူ၊ ဆီကြိုက်တဲ့စာရေးသူရဲ့အဘွားကို သတိရမိပါတယ်။ အဘွားက ဟင်းလျာတွေကို စီမံချက်ပြုတ်ရာမှာ ဆီကို ဖောဖောသီသီထည့်လေ့ရှိပါတယ်။ ရေကြည်ရာမြက်နုရာရှာဖွေရင်း ရန်ကုန်ကို ပြောင်းရွှေ့လာရတော့ ကိုယ်တိုင်ကြိတ်ခွဲစားသုံးနေရာက ဈေးကွက်တွေထဲက ဝယ်ယူစားသုံးသူ ဖြစ်လာခဲ့ရပါတယ်။

ဈေးကွက်တွေမှာ တွေ့ရလေ့ရှိတဲ့ စားသုံးဆီအမျိုးမျိုးထဲကမှ စစ်မှန်မယ်ထင်တာကို အဘွားက ရွေးချယ်ဝယ်ယူလေ့ရှိပါတယ်။ အလွယ်တကူဝယ်ယူရရှိနိုင်တဲ့ ပဲနံ့၊ နှမ်းနံ့ပါတဲ့ဆီတွေကို ခံတွင်းမတွေ့လှသော်လည်း အဘွားရဲ့ ဆီစားသုံးမှုကတော့ လျှော့ကျမသွားခဲ့ပါဘူး။ အသားငါးဟင်းမဆိုထားနဲ့ မျှစ်ကြော်မယ်ဆိုရင်တောင် အဘွားက မျှစ်ဆိုတာဝါးကဖြစ်တာလေ။ ဘာအရသာရှိတာမို့လို့လဲ၊ ဆီများမှ ကောင်းမှာပေါ့ စသဖြင့် ဟင်းလျာတွေမှာ ဆီများများထည့်ရခြင်းက အဘွားမှာ အကြောင်းပြချက်မျိုးစုံရှိသလို ထည့်မြဲလည်း ထည့်လျက်ရှိပါတယ်။

အကျင့်ဆိုတာကလည်း အရိုးစွဲလာတော့ ဖျောက်ဖျက်ဖို့ ခက်သားလား။ တစ်နေ့ တစ်ရက်တည်းမဟုတ်။ အချိန်ကာလကြာမြင့်လာတော့ ဆီစားသုံးမှုများပြားခြင်းရဲ့ နောက်ဆက်တွဲအဖြစ်ကျန်းမာရေးကို ခြိမ်းခြောက်လာပြီး ချူချာလာပါတော့တယ်။ မောပါတယ်။ ရခဲလှတဲ့လူ့ဘဝမှာ တရားထူးရအောင် ကြိုးစားအားထုတ်ချင်တဲ့၊ သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာနဲ့ ဘဝကို ဖြတ်သန်းလိုတဲ့အဘွားဟာ အသက် ၅၀ ဝန်းကျင်မှာ ရောဂါစုံလာခဲ့ပါတယ်။ အသည်းအဆီဖုံးပါတယ်။ သွေးတိုးပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ ခံစားလာရပါတယ်။

ဒီလို ဝေဒနာတွေကြောင့် ရန်ကုန်မြို့က နာမည်ကျော် ဆေးရုံ၊ ဆေးခန်းနဲ့ ကောင်းနိုးရာရာ သမားတော်လည်း စုံသလောက်ဖြစ်ခဲ့ရပါတယ်။ ပိုးသာကုန်၍ မောင်ပုံ စောင်းမတတ်ဆိုသလို အချိန်၊ လူအား၊ ဥစ္စာတို့သာကုန်ပြီး သက်တမ်းစေ့မနေရဘဲ သူချစ်ခင်တဲ့သားသမီးနဲ့ မြေးတွေကို စွန့်ခွာခဲ့ရပါတယ်။

လူတစ်ယောက် အသက်ရှင်သန်ဖို့ဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးအပေါ်မှာ တည်မှီနေပြီး ကံကြောင့်လည်း အသက်ရှင်သန်မှု ကုန်ဆုံးနိုင်သလို စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားတွေကြောင့်လည်း အရွယ်မတိုင်ခင် ကြွေလွင့်နိုင်ပါတယ်။

**ဘေးထွက်ဆိုးကျိုးတွေကိုသာ ရရှိစေမှာဖြစ်**

အစာအာဟာရလို့ဆိုရာမှာ မိမိတို့နေ့စဉ် သုံးစွဲနေတဲ့ အစားအသောက်တွေမှာ အာဟာရဖြစ်စေတဲ့ အစားအသောက်တွေကို အလွန်အကျွံစားသုံးခြင်းသို့မဟုတ် အာဟာရချို့တဲ့စေတဲ့အထိ အနည်းငယ်မျှသာစားသုံးခြင်းက အာဟာရဆိုင်ရာ ဘေးထွက်ဆိုးကျိုးရောဂါတွေကို ဖြစ်ပွားစေပါတယ်။ အချို့တွေက အလွန်အကျွံစားသုံးသလို အချို့က အနည်းငယ်မျှသာ စားသုံးနေတာကို တွေ့မြင်နေရပြီး ဒီလိုစားသုံးမှုတွေက ကျန်းမာရေးကောင်းမွန်ဖို့ အထောက်အကူမဖြစ်စေနိုင်သလို ဘေးထွက်ဆိုးကျိုးတွေကိုသာ ရရှိစေမှာ ဖြစ်ပါတယ်။

အာဟာရချို့တဲ့မှုက လူနည်းစုသာ ဖြစ်လေ့ဖြစ်ထရှိပြီး အစာအာဟာရ အလွန်အကျွံစားသုံးမှု၊ ကျန်းမာရေးနဲ့မညီတဲ့ စားသောက်နေထိုင်မှုပုံစံတွေကြောင့် မလိုလားအပ်တဲ့ ရောဂါတွေဖြစ်ပြီး လူမှုဘဝတွေမှာ အတိဒုက္ခတွေ ရောက်ကြရပါတယ်။

အစားအစာတွေကို စီမံချက်ပြုတ်ရာမှာ မပါမဖြစ်တဲ့ဆီကို စားသုံးသင့်တဲ့ ပမာဏထက်ကျော်လွန်စားသုံးခြင်း၊ အရည်အသွေးမပြည့်မီတဲ့ ဆီတွေစားသုံးခြင်းတို့ကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစတဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာကို ခံစားရစေနိုင်ပါတယ်။

ဒီလို ကျန်းမာရေး ယိုယွင်းလာတာနဲ့အမျှ နေ့စဉ်ဆောင်ရွက်နေကျ လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်ဖို့ ပျက်ကွက်လာမှာ ဖြစ်ပါတယ်။ မိသားစုမှာ ဦးစီးဦးဆောင်ပြု စီးပွားရှာနေသူဖြစ်ရင် မိသားစုစားဝတ်နေရေးအတွက် ငွေကြေးရှာဖွေမပေးနိုင်တော့ရုံသာမက မိမိကိုပြုစုရတဲ့ ဝန်ထုပ်ဝန်ပိုး၊ ဆေးကုသစရိတ် ငွေကြေးကုန်ကျမှုတွေလည်း ရှိလာမှာဖြစ်တဲ့အတွက် မိမိရဲ့မိသားစုမှာ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုတွေကို တွေ့ကြုံရမှာဖြစ်ပါတယ်။

ဒီလိုဆိုးကျိုးတွေ၊ ထိခိုက်မှုတွေ ဖြစ်ပေါ်နိုင်တဲ့အပြင် ပြည်တွင်းမှာ စားသုံးဆီမလုံလောက်မှုကြောင့် နိုင်ငံခြားမှ တင်သွင်းရတဲ့အတွက် နိုင်ငံအတွက်လည်း နိုင်ငံခြားငွေအမြောက်အမြား သုံးစွဲနေရပါတယ်။

**ဆီစားသုံးမှုက လွန်စွာများပြား**

ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပမှ စားအုန်းဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၈၃၀ ကျော်တန်ဖိုးရှိပါတယ်။ လူတစ်ယောက်ကို ခြောက်ပိဿာနှုန်းစားမယ်ဆိုရင် မြန်မာနိုင်ငံမှာ ဆီလိုအပ်ချက်က တန်ချိန် ငါးသိန်းပဲရှိပါတယ်။ တကယ်လို့ ခုနစ်ပိဿာနှုန်းနဲ့ စားမယ်ဆိုရင် ဆီလိုအပ်ချက်က ၅ ဒသမ ၈ သိန်းရှိမှာဖြစ်ပြီး ရှစ်ပိဿာနှုန်းနဲ့ စားမယ်ဆိုပါက ဆီလိုအပ်ချက် ၆ ဒသမ ၆ သိန်းရှိပါတယ်။ ယခု ရှစ်သိန်းကျော် သွင်းထားတဲ့အတွက် ဆီစားသုံးမှုက လွန်စွာများပြားနေတယ်လို့ အောက်တိုဘာ ၁၈ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်သူလူထုကိုပြောကြားတဲ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ ပဲပုပ်၊ နေကြာ၊ ဆီအုန်းစိုက်ပျိုးမှုတွေ၊ ထုတ်လုပ်မှုတွေလည်း ရှိနေတဲ့အတွက် ဒါတွေနဲ့သာ ပေါင်းလိုက်ပါက ဆီစားသုံးမှုက အတော်များနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ✢

**☆ ဆီကို လူတစ်ဦးစားသုံးသင့်တဲ့ပမာဏနဲ့ စားသုံးခြင်းက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ချက်ပြုတ်စားသုံးမှုပုံစံကို ရရှိစေမှာဖြစ်ပါတယ်။ အစားအစာတွေ ကြော်လှော်စားသုံးမှုကို ရှောင်ကြဉ်ဖို့နဲ့ ဆီကုန်သက်သာစေရန်ရည်ရွယ်ချက်နဲ့ ထပ်ကာထပ်ကာကြော်လှော်ထားတဲ့ ပြန်ကြော်ဆီကို အသုံးပြုခြင်းက ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေတဲ့အတွက် အထူးရှောင်ကြဉ်သင့်**

**☆ ဆီစားသုံးမှုလျှော့ချခြင်းအားဖြင့် တစ်ဖက်ကကျန်းမာရေးအတွက် များစွာ အထောက်အကူပြုမှာဖြစ်သလို တစ်ဖက်ကလည်း ပြည်ပကနေ ဆီဝယ်ယူမှုအတွက် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေလည်း များစွာလျှော့ချနိုင်မှာဖြစ်**

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်သူ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ငါးလုပ်ငန်း အတတ်သင်သိပ္ပံကျောင်း ဖွင့်လှစ်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းသို့ သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကျွမ်းကျင်သူ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ငါးလုပ်ငန်း အတတ်သင်သိပ္ပံကျောင်း ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် ငါးလုပ်ငန်းတက္ကသိုလ် ဖွင့်လှစ်နိုင်ရေး အတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သူ အားလုံးတို့က မိမိတို့ကျရာ အခန်းကဏ္ဍများက ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း။

ငါး၊ ပုစွန်များ မွေးမြူထုတ်လုပ်မှုအများဆုံး ရှိနေသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့အကြားတွင် တည်ရှိနေသည့် တွံတေးငါးလုပ်ငန်းစခန်းတွင် ယခင်က အသေးစား၊ အလတ်စား ငါးမွေးမြူတောင်သူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ခေတ်မီ ငါးမွေးမြူရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ယခုအခါ တောင်သူသင်တန်းများအပြင် မွေးမြူရေး လုပ်ငန်းကို စိတ်ပါဝင်စားသည့် တက္ကသိုလ်ဝင်တန်း အောင် လူငယ်များအနေဖြင့် ငါး၊ ပုစွန်မွေးမြူရေး အတတ်ပညာများ လေ့လာသင်ယူနိုင်စေရန် ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းအဖြစ် တိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင် ဆောင်ရွက်နေမှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ခြင်းဖြစ်ကြောင်း၊ စာတွေ့လက်တွေ့ သင်ကြားမည့် အစီအစဉ်များ၊ သင်တန်းတွင် ကိုဗစ် – ၁၉ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ သင်ကြား သင်ယူနိုင်ရေး၊ သင်တန်းထောက်ပံ့ကြေး ရရှိခံစားနိုင် စေရေး၊ သင်တန်းပြီးဆုံးအောင်မြင်ပါက အလုပ် အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာများနှင့် အကြံညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ ဒညင်းကုန်း အစာစပ် စက်ရုံကိုလည်းကောင်း၊ လှော်ကား အစာစပ်စက်ရုံကို လည်းကောင်း ရောက်ရှိကြပြီး စက်ပစ္စည်းများ ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပုဂ္ဂလိက စိုက်ပျိုးရေးသွင်းအားစု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူ လယ်သမားများအတွက် စိုက်ပျိုးသွင်းအားစုများ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချပေးနိုင်ရေး၊ သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေးဆိုင်ရာများကို တာဝန်ရှိသူများက ဆွေးနွေးပြောကြားပြီး စက်ရုံ အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကော့သောင်းအကျဉ်းထောင်နှင့် ကော့သောင်းမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်း အကျဉ်းထောင်နှင့် ကော့သောင်းမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံး အချုပ်ခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲ ရှိ၊ မရှိ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ အကျဉ်းထောင် အချုပ်ခန်းများ အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိနှင့် နေထိုင် စားသောက်မှုများကို မေးမြန်း မှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့သည်။

ကော့သောင်း အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ အချုပ်သား အချုပ်သူ အိပ်ဆောင်များ၊ Quarantine အဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကော်မရှင်မှ အကျဉ်းထောင် စာကြည့်တိုက်အတွက် ဗဟုသုတ ရဖွယ်ရာ (သုတ၊ ရသ၊ ဘာသာရေး၊ ကျန်းမာရေး) စာအုပ်စာပေ အုပ်ရေ ၂၀၀ ကို အကျဉ်းထောင် တာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ဂိတ်များ ဖွင့်လှစ်နိုင်မှုသည် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုကို အကျိုးဖြစ်ထွန်းစေ

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွားမှု ကျဆင်းလာမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းများနှင့်အညီ နယ်စပ်ဂိတ်များ ဖွင့်လှစ်နိုင်မှုသည် နိုင်ငံ၏ကုန်စည်စီးဆင်းမှုကို အကျိုးဖြစ်ထွန်းစေလျက် စီးပွားရေးအကျပ်အတည်း ကုစားမှုအတွက် အခွင့်အရေးကောင်း တစ်ခုဖြစ်ကြောင်း နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် မျှော်လင့်လျက်ရှိသည့် မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်အသင်းမှ သိရသည်။

ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးကို အောက်တိုဘာလက ပြန်လည်ဖွင့်လှစ်ခဲ့ရာ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုဖြင့် စီးပွားရေးလုပ်ငန်းများ လည်ပတ်ခဲ့ပြီး ရေထွက်ကုန်မျိုးစုံနှင့် ပုစွန်ခြောက်၊ ငါးခြောက်မျိုးစုံ အများဆုံး စားသုံးလျက်ရှိသည့် အိမ်နီးချင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံ လိုအပ်လျက်ရှိသည့် ကုန်ပစ္စည်းများ ကုန်သွယ်မှုဖြင့် နှစ်နိုင်ငံ၏ အကျိုးစီးပွားကို အပြန်အလှန် အထောက်အပံ့ ဖြစ်စေလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေထွက်ကုန်များကို ယခုအခါ ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိရာ နှစ်နိုင်ငံ ရေထွက်ကုန်စီးဆင်းမှု အဆင်ပြေလျက်ရှိပြီး ငါးပိ ငါးခြောက်၊ ပုစွန်ခြောက်ထွက်ရှိသော မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဂိတ်များ ဖွင့်လှစ်ခဲ့ပါက ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ကုန်ပစ္စည်းများကို အသင့်စုဆောင်ထားရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဆိုတာ အညာဒေသကိုလည်းပို့ရတယ်။ သွားလာရေး အဆင်မပြေတော့ ကုန်စည် မပို့နိုင်ဘူး။ ဒီမှာဈေးနှုန်း ကျပေမယ့် ဟိုမှာ ဈေးက ခေါင်ခိုက်သလို ဖြစ်နေတယ်။ ပြီးတော့ တရုတ်ပြည်က ရေထွက်ကုန်နဲ့ ဆက်စပ်တဲ့ ကုန်ပစ္စည်းမျိုးစုံ ဝယ်ယူတဲ့နိုင်ငံ ဖြစ်တာကြောင့် နယ်စပ်ဂိတ်တွေ ဖွင့်မယ်ဆိုရင် နှစ်နိုင်ငံရဲ့ စီးပွားရေး ပြန်ပြီး အဆင်ပြေနိုင်တယ်။ ကျွန်တော်တို့က အခြားနိုင်ငံတွေလည်း ပို့နေတာ။ အထူးသဖြင့် ပုစွန်ခြောက်နဲ့ ငါးစည်ဖောင်းဟာ တရုတ်ပြည်ကို သွားတယ်၊ ပြီးတော့ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ UAE နိုင်ငံတွေနဲ့ ထိုင်းနိုင်ငံကိုလည်း သွားတယ်။ ကိုဗစ် ရောဂါ ကာလဆိုတော့ ရောဂါ ထိန်းချုပ်ရေးကို အားလုံး ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုမယ်။ စီးပွားရေးလည်းလုပ်၊ ကျန်းမာရေးလည်း ဂရုစိုက်ပေါ့၊ အဲဒီလို သွားရင် ရန်ကုန်မြို့ရဲ့ စီးပွားရေး ပြန်ဦးမော့လာမယ်။ ကုန်ပစ္စည်းတွေကအသင့်ရှိတယ်” ဟု မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်အသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က ပြောသည်။

မြန်မာနိုင်ငံမှ ငါးစည်ဖောင်းများကို တရုတ်ပြည်မှ ကုန်သည်အချို့ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ကန္နီ**



✢ စာမျက်နှာ ၆ မှ

ဒီအတွက် ဆီစားသုံးမှု လျှော့ချခြင်းအားဖြင့် တစ်ဖက်ကကျန်းမာရေးအတွက် များစွာအထောက်အကူပြုမှာဖြစ်သလို တစ်ဖက်ကလည်း ပြည်ပက နေ ဆီဝယ်ယူမှုအတွက် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေလည်း များစွာလျှော့ချနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ ဆီစားသုံးမှုကို ကျန်းမာရေးအမြင်အရသော်လည်းကောင်း၊ နိုင်ငံရဲ့ လိုအပ်ချက်အရသော်လည်းကောင်း ထိန်းသိမ်းစားသုံးကြဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က တိုက်တွန်းနှိုးဆော်ထားတာကိုလည်း တွေ့မြင်ရပါတယ်။

ဆီကို လူတစ်ဦးစားသုံးသင့်တဲ့ပမာဏနဲ့ စားသုံးခြင်းက ကျန်းမာရေးနဲ့ညီညွတ်တဲ့ ချက်ပြုတ်စားသုံးမှုပုံစံကို ရရှိစေမှာဖြစ်ပါတယ်။ အစားအစာတွေ ကြော်လှော်စားသုံးမှုကို ရှောင်ကြဉ်ဖို့နဲ့ ဆီကုန်သက်သာစေရန်ရည်ရွယ်ချက်နဲ့ ထပ်ကာထပ်ကာကြော်လှော်ထားတဲ့ ပြန်ကြော်ဆီကို အသုံးပြုခြင်းက ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေတဲ့အတွက် အထူးရှောင်ကြဉ်သင့်ပါတယ်။

တန်ဆေး လွန်ဘေးဆိုတဲ့စကားအတိုင်း ဘယ်အရာမဆို သင့်တင့်မျှတအောင် ချင့်ချိန်စားသုံးမှသာ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ အာဟာရဓာတ်တွေက လိုအပ်သလောက်ရရှိပြီး သက်ရှည်ကျန်းမာမှာဖြစ်ပါတယ်။ ဒါကြောင့် ဆီစားသုံးမှုကို အတတ်နိုင်ဆုံးလျှော့ချပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးမှုပုံစံကို ပြောင်းလဲကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ။

# Asian Games နှင့် SEA Games ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ထောက်ပံ့ပေးနိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

Asian Games နှင့် SEA Games ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် အသက် ၆၀ နှင့်အထက် အားကစားသမားဟောင်းများကို လစဉ်ထောက်ပံ့ကြေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ ဘဝနောင်ရေး စီမံဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

ဆွေးနွေးချက်များအရ အသက် ၆၀ နှင့်အထက် အားကစားသမားဟောင်းများကို လစဉ်ထောက်ပံ့ပေးရာတွင် Asian Games တွင် ရွှေတံဆိပ် ရရှိသူများ၊ ငွေတံဆိပ်ရရှိသူများ၊ ကြေးတံဆိပ်ရရှိသူများ၊ SEA Games တွင် ရွှေတံဆိပ် ၁၀ ခုနှင့် အထက်ရရှိသူများ၊ ငါးခုမှ ကိုးခုအထိရရှိသူများ၊ တစ်ခုမှ လေးခုအထိ ရရှိသူများစသည်ဖြင့် အဆင့်များ ခွဲထားပြီး ငွေကြေးလျာထားတွက်ချက်မှုကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ရာ တွက်ချက်မှုများအရ အသက် ၆၀ နှင့်အထက် Asian Games တွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သူများကို နှစ်သိန်းနှုန်း၊ ငွေတံဆိပ်တစ်ခုရရှိခဲ့သူများကို တစ်သိန်းခွဲနှုန်း၊ ကြေးတံဆိပ် တစ်ခုရရှိခဲ့သူများကို တစ်သိန်းနှုန်း ထောက်ပံ့ပေးပါက ရွှေတံဆိပ်ရရှိသူ ၁၄ ဦး၊ ငွေတံဆိပ်ရရှိသူ ငါးဦး၊ ကြေးတံဆိပ်ရရှိသူ ခုနစ်ဦး စုစုပေါင်း ၂၆ ဦးနှင့် SEA Games တွင် ရွှေတံဆိပ် ၁၀ ခုနှင့် အထက်ရရှိသူကို တစ်သိန်းခွဲနှုန်း၊ ငါးခုမှ ကိုးခုအထိ ရရှိသူကို တစ်သိန်းနှုန်း၊ တစ်ခုမှ လေးခုအထိရရှိသူကို ခုနစ်သောင်းနှုန်း၊ ငွေတံဆိပ် တစ်ခုကို ငါးသောင်းနှုန်း၊ ကြေးတံဆိပ် တစ်ခုကို သုံးသောင်းနှုန်း သတ်မှတ်ခဲ့ကာ SEA Games တွင် ရွှေ၊ ငွေ၊ ကြေးရရှိခဲ့သူ ၂၄၈ ဦးရှိပြီး Asian Games နှင့် SEA Games တွင် စုစုပေါင်း ဆုတံဆိပ်ရရှိသူ ၂၇၄ ဦး ထည့်သွင်းတွက်ချက်ခဲ့ကြောင်း၊ ဆုရရှိသည့် အားကစားသမားများ သက်ရှိထင်ရှား ရှိ၊ မရှိ အဖွဲ့ချုပ်များနှင့်ဆက်သွယ်ခဲ့ရာ ကွယ်လွန်သူ ၂၅ ဦးရှိကြောင်း သိရှိရပြီး ထောက်ပံ့ကြေးပေးရန် စုစုပေါင်း ၂၄၉ ဦးသာ ကျန်ကြောင်း၊ အဆိုပါ ၂၄၉ ဦးအတွက် တစ်လလျှင် ၁၆ ဒသမ ၅၉ သန်းဖြင့် မတ်လအထိ ၉၉ ဒသမ ၅၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ခြောက်လ ဘတ်ဂျက်ငွေအဖြစ် ၁၁၃ ဒသမ ၄ သန်း တွက်ချက်ပါရှိထားပြီးဖြစ်ကြောင်း၊ ထောက်ပံ့ကြေးပေးမည့်သူများထဲမှ ပြည်ပရောက်ရှိနေသူ၊ သာသနာ့ဘောင်ရောက်ရှိနေသူ၊ အဆက်အသွယ်မရရှိသူ ၂၂ ဦးပါဝင်ကြောင်းနှင့် ၎င်းတို့အတွက် ၁၆ သိန်း ၅ သောင်း ထည့်သွင်းတွက်ချက်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများအား ချီးမြှင့်ငွေပေးရာတွင် နိုင်ငံတော် အကြီးအကဲအနေဖြင့် တစ်လုံးတစ်ခဲတည်းပေးပါက တစ်ခဏတည်းကုန်သွားနိုင်သဖြင့် လစဉ်ထောက်ပံ့ပေးမည်ဆိုပါက ပိုမိုကောင်းမွန်ကြောင်း၊ ထောက်ပံ့ပေးမည့်အစီအစဉ်ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြန်လည်တင်ပြပေးရန်လိုအပ်ပါကြောင်း၊ တိုင်းပြည်အတွက် ဂုဏ်ဆောင်ခဲ့သူများ သက်ရှိထင်ရှား ရှိ၊ မရှိ အထောက်အထားတိတိကျကျဖြင့် တွက်ချက်တင်ပြရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် သေချာတွက်ချက်အတည်ပြုချက်ရယူပြီး သက်ဆိုင်ရာခေါင်းစဉ်မှ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ ပေးအပ်ချီးမြှင့် သုံးစွဲသွားရန်လိုကြောင်း၊ ယခုကဲ့သို့ ချီးမြှင့်ခြင်းဖြင့် လက်ရှိ အားကစားသမားများအတွက် ကြိုးစားချင်စိတ်များ၊ စိတ်ဓာတ်များ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နောင်ထပ်မံဆုရရှိသည့် အားကစားသမားများကို ခေတ်ကာလနှင့်အညီ ထောက်ပံ့မှုနှုန်းထားများ ပြောင်းလဲခြင်းများ၊ ပြင်ဆင်ဆောင်ရွက်ရန် စီမံထားရှိရန်လိုအပ်ပါကြောင်း၊ ထောက်ပံ့ကြေးများကို ပြည်တွင်းနေထိုင်သူများအပြင် ပြည်ပနေထိုင်သူများကို ပေး၊ မပေး ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**



# ဒဂုံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကင်းမြို့နယ် (၈)ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ရွှေ့လျားဈေးကားစနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်း မြို့နယ်ဆေးရုံရှေ့ ရေမြောင်းအား ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်း တူးဖော်၍ ကျောက်စီနံရံ RC ရက်မရေမြောင်း တည်ဆောက်နေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂) လမ်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် သရက်ပင်ချောင်ရွာအကြား အမှတ်(၇)လမ်းမကြီး အရှည် ၁၁၁၃၇ ပေ လမ်းပိုင်းတွင် မူလ ၂၂ ပေအကျယ်လမ်းကို ခြောက်လမ်းသွားရရှိအောင် စက်ယန္တရားများဖြင့် ထပ်မံတိုးချဲ့နေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း (ကျားကြီးရေတံခါးနှင့် ဘုရင့်နောင်လမ်းအကြား) အရှည်ပေ ၁၇၉၈၂ ပေ၊ အကျယ် ၂၂ ပေ၊ ဒု ၁၁ လက်မ ကွန်ကရစ်ခင်းကျင်းပြီးစီးမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၇) ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပြည်ထောင်စုရေတံခါးသို့ သွားရောက်၍ အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု)မှ Excavator ယန္တရားယာဉ်များဖြင့် ကောက်ကွေ့သည့် ချောင်းလမ်းကြောင်းကို တစ်ဖြောင့်တည်းဖြစ်စေရန် တူးဖော်ဖောက်လုပ်နေမှုကို လည်းကောင်း၊ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှေ့လမ်းပေါ်ရှိ ဆက်သွယ်ရေးတိုင်များ တိမ်းစောင်းနေခြင်းကို ပြန်လည်တည့်မတ် စိုက်ထူနိုင်ရေးနှင့် လေးလမ်းသွား ကတ္တရာကွန်ကရစ် ခင်းကျင်းနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ တစ်ခုမှ ယာဉ်စီးရေနှစ်စီးဖြင့် လုပ်ငန်းသုံး အောက်ဆီဂျင်စက် တစ်ခုနှင့် နှာခေါင်းစည်း ၁၇ တန်တို့ကို တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



# မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နိုဝင်ဘာ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကိုအရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မိမိထက်တော်သော တပည့်များကို မွေးထုတ်ပေးခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးစားသွားကြရမည်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် သရုပ်ပြ၊ နည်းပြ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် အဆိုပါတက္ကသိုလ်ရှိ သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျောင်းများ၏ လိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရန်အခြေခံပညာကျောင်းအဆင့်မှ တက္ကသိုလ်များအထိ ကွင်းဆင်းလာရောက် တွေ့ဆုံလျက်ရှိကြောင်း၊ တက္ကသိုလ်များသည် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးကာ တိုင်းပြည်၏အနာဂတ်ကို ဖန်တီးနိုင်မည့်သူများကို ပြုစုပျိုးထောင်ပေးရာဌာနဖြစ်ပြီး ပညာရေးမှာ တိုင်းပြည်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုနယ်ပယ် ဖြစ်ကြောင်း၊ သင်ကြားပေးမည့် ဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝရန် အမြဲကြိုးစားနေရမည်ဖြစ်ကြောင်း၊ သင်ကြားမှုအတတ်ပညာမှ မိမိကိုယ်တိုင် ခေါင်းဆောင်နေရာရောက်သည့်အခါ မိမိရာထူးအပေါ် မူတည်ပြီး အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုများကို လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ကိုင်သွားရာတွင် လုပ်ဖော်ကိုင်ဖက်၊ ဝန်ထမ်းများ၊ တပည့်သားသမီးများအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာထားနိုင်သည့် နှလုံးသားအရည်အချင်းနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုအတတ်ပညာများကို ကောင်းစွာနားလည်တတ်ကျွမ်းသော လုပ်ငန်းအရည်အချင်းများရှိရန် လိုအပ်ကြောင်း၊ တက္ကသိုလ်တွင် သင်ကြားပေးနေသော ဘာသာရပ်များအပြင် နိုင်ငံတကာ၏ ပညာရေးများကိုပါ အမြဲလေ့လာဆည်းပူးနေရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည့်အတွက် မိမိထက်တော်သော တပည့်များကို မွေးထုတ်ပေးခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ခဲ့သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အင်္ဂလိပ်၊ မြန်မာဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ၊ ကိုရီးယားဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ တရုတ်ဘာသာတို့အပြင် အထောက်အကူပြုဘာသာရပ်များအနေဖြင့် နိုင်ငံတကာဆက်ဆံရေး၊ ဒဿနိက၊ သမိုင်း၊ ပထဝီဝင်၊ ဘာသာဗေဒနှင့် အရှေ့တိုင်းဘာသာရပ်များကိုလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ ပေါ်ထွန်းလာရေး ဆရာအတတ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်သော ဆရာအတတ်ပညာဆိုင်ရာ ပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်၍ အရည်အချင်းမြှင့်တင်ပေးရန်လိုအပ်

**တောင်ကြီး နိုဝင်ဘာ ၉**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးဒီဂရီကောလိပ် နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာဆရာ ဆရာမသစ်လွင်များအား ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ တောင်ကြီးပညာရေးဒီဂရီကောလိပ်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အရည်အသွေးပြည့်ဝကျွမ်းကျင်သော အခြေခံပညာဆိုင်ရာ ဆရာ ဆရာမများ ပေါ်ထွန်းလာနိုင်ရေးအတွက် ဆရာအတတ်ပညာများကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်သော ဆရာအတတ်ပညာဆိုင်ရာ ပညာရှင်များကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်၍ အရည်အချင်းမြှင့်တင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများကို သက်ဆိုင်ရာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များတွင် လည်းကောင်း၊ အခြေခံပညာဦးစီးဌာနမှ အသစ်ခန့်အပ်သော အထက်တန်းပြ ၁၆၃၂ ဦး၊ အလယ်တန်းပြ ၇၅၂ ဦး၊ မူလတန်းပြ ၄၅၆၉ ဦး၊ စုစုပေါင်း ၆၉၂၆ ဦးတို့အား သက်ဆိုင်ရာ ပညာရေးတက္ကသိုလ်နှစ်ကျောင်း၊ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတို့တွင် လည်းကောင်း နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၈ အထိ စခန်းသွင်းသင်တန်း ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာ ဆရာ ဆရာမသစ်လွင်ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအား လိုက်လံနှုတ်ဆက်ကြပြီး တောင်ကြီးပညာရေး ဒီဂရီကောလိပ်၊ နည်းပြ၊ သရုပ်ပြသစ် ၁၃ ဦး၊ အခြေခံပညာ ဆရာ ဆရာမသစ်လွင် ၃၂၅ ဦး စုစုပေါင်း ၃၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးတက္ကသိုလ်သို့ သွားရောက်ကာ ကျိုင်းတုံခန်းမ၌ တောင်ကြီးတက္ကသိုလ်နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမသစ်လွင်များ ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ်တွင် အသစ်ခန့်ထားသည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမသစ်လွင်များ မွမ်းမံသင်တန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေတီတင်က လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများအား လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

အဆိုပါ တောင်ကြီးတက္ကသိုလ်တွင် နည်းပြ၊ သရုပ်ပြဦးရေ ၈၆ ဦး တက်ရောက်ကြပြီး တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်လောင်း၊ ဟိုပုံး၊ ရွှေညောင်၊ ရပ်စောက်၊ ဆီဆိုင်၊ ပင်းတယ၊ အောင်ပန်း၊ မင်းဘူး၊ မိတ္ထီလာ၊ ရေတာရှည်၊ မုံရွာ၊ ပျော်ဘွယ်၊ မှော်ဘီဒေသတို့မှ လာရောက် တက်ရောက်ကြကြောင်း သိရသည်။

**အင်းသားလေး(တောင်ကြီး)**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်း ကျရောက်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင် ဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာ ရေးသားမှုပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font)၊ စာလုံးအရွယ်အစား - ၁၄ (Font Size 14 )၊ စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့် စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု နှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ (ဆုငွေအား ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ပါသည်။)

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာ ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်-၂၃၊ နေပြည်တော် (တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2021@gmail.com သို့ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ကရင်ပြည်နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဘားအံ နိုဝင်ဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကွင်းပြင်၌ ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရေး၊ ရုံးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြစေရေး၊ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများနှင့်အညီ နေထိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ညွှန်ကြားရေးမှူးများက ဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ဝတ်စုံနှင့် စုစုပေါင်းငွေကျပ် ၁၀၀၃၆၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၉ -၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 2 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 3 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 4 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 5 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 6 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 7 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 8 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 9 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 10 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဟသ်ာတမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ရှင်းလင်း၊ ကော်မတီဖွဲ့စည်း

**ဟသ်ာတ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လ ဘတ်ဂျက်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ဘိတ်ရိုးကျေးရွာအုပ်စု ဘိတ်ရိုးကျေးရွာ၌ ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်သည်။

ဟသ်ာတမြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီဆွေက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင် စီမံကိန်းကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၀၅ စု အနက် အိမ်ထောင်စု ၉၅ စုတို့မှ အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး ကျေးရွာပြည်သူများ၏ ဆန္ဒနှင့်အညီ ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ဟသ်ာတမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကျေးရွာပေါင်း ၁၆၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော် (ဟသ်ာတ)**

# စီးပွားရေးပြန်လည်ဦးမော့လာရေး နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် အေပက်အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီး တောင်းဆို



**တိုကျို နိုဝင်ဘာ ၉**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သည့် ဒေသတွင်း စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းမှုများတွင် နီးကပ်စွာ အတူတကွပူးပေါင်းဆောင်ရွက်ကြရန် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)ဖိုရမ်၏ အဖွဲ့ဝင်များအား ဂျပန်နိုင်ငံစီးပွားရေးဝန်ကြီး ကိုအိချီက တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီး ကိုအိချီသည် ယမန်နေ့တွင် အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သည့် အေပက်ဝန်ကြီးများဆိုင်ရာ အစည်းအဝေးတွင် အထက်ပါအတိုင်း တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ နှစ်ရက်ကြာ ကျင်းပပြုလုပ်သည့် အဆိုပါအစည်းအဝေးသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် ဒေသတွင်းစီးပွားရေး ပြန်လည်ဦးမော့လာစေရေးကို အဓိကဦးတည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မရှိမဖြစ်လိုအပ်**

လွတ်လပ်၍တရားမျှတသော စီးပွားရေးစနစ်ထူထောင်ရေးသည် စီးပွားရေးပြန်လည်ဦးမော့လာရေးတွင် မရှိမဖြစ်လိုအပ်မည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံစီးပွားရေးဝန်ကြီး ကိုအိချီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယဆေးရုံမီးလောင်မှု၌ မွေးကင်းစကလေး လေးဦးသေဆုံးပြီး ၃၆ ဦး ကယ်တင်နိုင်ခဲ့



**နယူးဒေလီ နိုဝင်ဘာ ၉**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မာဒယာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်ဘိုပါလ်မြို့ရှိ အစိုးရဆေးရုံတစ်ရုံ၌ ယမန်နေ့ညက မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မွေးကင်းစကလေးငယ်လေးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါမီးလောင်မှုသည် မြို့တော်ဘိုပါလ်မြို့ရှိ ကာမာလာနေရူး ကလေးဆေးရုံ၏ အထူးမွေးခန်းတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဝိုင်ယာရှော့ကြောင့်ဖြစ်ပွားသည်ဟု ယူဆရသော အဆိုပါမီးလောင်မှုတွင် မွေးကင်းစကလေးငယ်လေးဦး သေဆုံးပြီး ကျန်ကလေးများကို အခြားအဆောင်များသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ဆေးပညာဆိုင်ရာဝန်ကြီး ဗီရှာဗားစ်ဆာရန်က မီဒီယာများသို့ ပြောကြားသည်။

ဆေးရုံ၏ သုံးလွှာမြောက်တွင်ရှိသော အဆိုပါ ကလေးအထူးမွေးခန်း မီးလောင်မှုဖြစ်ပွားစဉ် မွေးခန်းအတွင်း၌ မွေးကင်းစကလေး ၄၀ ရှိကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် မာဒယာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် ရှစ်ဗ်ရာ့ဂျ်ဆင်းချောင်ဟန်က မီးလောင်မှုကြောင့် ကလေးငယ်များသေဆုံးမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားပြီး မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

ထို့အပြင် ဒေသဆိုင်ရာအစိုးရသည် မီးလောင်မှုတွင် သေဆုံးသွားသည့်ကလေးငယ်များ၏ မိသားစုတစ်စုချင်းစီကို နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၄၀၂ စီ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## နယူးဇီလန်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းပိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၆၆ ဦးရှိလာ

**ဝယ်လင်တန် နိုဝင်ဘာ ၉**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၆၆ ဦး ရှိလာကြောင်း သိရသည်။

အဆိုပါ တစ်ရက်အတွင်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် ၁၁၇ ဦးသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အောက်ကလန်မြို့မှဖြစ်ပြီး ဝိုင်ကာတိုမြို့မှ နှစ်ဦးနှင့် နော့လန်းမြို့မှ ခြောက်ဦးဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ကိုးဦးအပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၇၉ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၄၁၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ခြောက်သန်းနီးပါးရှိလာ

**တီဟီရန် နိုဝင်ဘာ ၉**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ခြောက်သန်းနီးပါး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၅၉၉၆၁၅၅ ဦး ရှိလာကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၇၄၃၉ ဦးရှိလာကြောင်း သိရသည်။ လက်ရှိအချိန်၌ ၅၆၁၅၄၆၀မှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ၃၆၆၉ဦးမှာ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်၌ ၅၅၃၁၉၇၉၅ ဦးမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ၃၉၄၆၅၉၅၈ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၃၂၃၂၂ ဦး ထပ်မံတွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၉**

ဗြိတိန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၂၃၂၂ ဦး ထပ်မံတွေ့ရှိရကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

ထို့ပြင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၁၈၆၂ ဦးရှိလာကြောင်းလည်း ၎င်းအေဂျင်စီက ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသူပေါင်း ၈၉၆၆ ဦးရှိကြောင်းနှင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ဗြိတိန်အမျိုးသားကျန်းမာရေးအေဂျင်စီက တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

**ကာကွယ်ဆေးထိုးနှံကြရန် အရေးကြီး**

ယခုလက်ရှိနိုင်ငံအတွင်း ဆောင်းရာသီ၌ ဖြစ်ပေါ်လာသည့် ကိုဗစ်-၁၉ရောဂါနှင့် တုပ်ကွေးရောဂါများအတွက် ကာကွယ်ဆေးများထိုးနှံကြရန် အရေးကြီးကြောင်း အမျိုးသားကျန်းမာရေးလုပ်ငန်းမှ အမှုဆောင်ချုပ် အမန်ဒါ ပရီချက်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက်ရှိ နိုင်ငံသားများ၏ ၈၇ ရာခိုင်နှုန်းကျော်မှာ လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ၎င်းအသက်အရွယ်ရှိ နိုင်ငံသား ၇၉ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်းနှင့် ၁၇ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အီဂျစ်သမ္မတနှင့် ပြင်သစ်သမ္မတတို့ လစ်ဗျားအရေးဆွေးနွေး



အီဂျစ်နိုင်ငံ သမ္မတ အက်ဘ်ဒယ်ဖက်တာအယ်လ်စီစီနှင့် ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန်တို့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်က ပါရီမြို့၌ တွေ့ဆုံခဲ့စဉ်။

**ကိုင်ရို နိုဝင်ဘာ ၉**

အီဂျစ်နိုင်ငံသမ္မတ အက်ဘ်ဒယ်ဖက်တာအယ်လ်စီစီ နှင့် ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန်တို့သည် ယခုလ အတွင်း ပြင်သစ်နိုင်ငံ၏ မြို့တော်ပါရီ၌ ကျင်းပမည့် လစ်ဗျားနိုင်ငံအရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည် ဆိုင်ရာ ကွန်ဖရင့်တစ်ရပ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ယမန်နေ့တွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

ယင်းသို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ်အတွင်း လစ်ဗျားအရေးကိစ္စဖြေရှင်းရာတွင် အီဂျစ်သမ္မတ အယ်လ်စီစီ၏ ကြိုးပမ်းမှုများနှင့်စပ်လျဉ်း၍ ချီးကျူး ပါကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြား သည်။

လစ်ဗျားအရေးကိစ္စနှင့်စပ်လျဉ်း၍ အီဂျစ်နိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက် ရန် စိတ်အားထက်သန်ကြောင်းလည်း မက်ခရွန်က ပြောကြားသည်။

အီဂျစ်နိုင်ငံ သမ္မတ အက်ဘ်ဒယ်ဖက်တာ အယ်လ်စီစီနှင့် ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန် တို့သည် လစ်ဗျားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို စီစဉ်ထားသည့်အတိုင်း ဒီဇင်ဘာလကုန်ပိုင်းတွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရန် သဘောတူညီ ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# မလေးရှားဝန်ကြီးချုပ် အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်မည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၉**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်သည် အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် တရားဝင်အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသို့ သုံးရက်ကြာသွားရောက်မည့် မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်၏ ခရီးစဉ်သည် မလေးရှားဝန်ကြီးချုပ်အဖြစ် စတင် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ပြီး အစ္စမေးလ်ဆာဘရီယာကော့ဘ်သည် ဩဂုတ်လအတွင်းက ဝန်ကြီးချုပ် တာဝန်စတင် ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

မလေးရှားအစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလာမည့် ယင်းခရီးစဉ်၏ တစ်စိတ် တစ်ဒေသအဖြစ် မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်သည် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ထိုင်းနိုင်ငံက အိမ်နီးချင်းနိုင်ငံများမှ အလုပ်သမားများအတွက် နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

**ဗန်ကောက် နိုဝင်ဘာ ၉**

ထိုင်းနိုင်ငံသည် လုပ်သားပြတ်လပ်မှုပြဿနာကို ဖြေရှင်းရန် အလို့ငှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ အလုပ်သမားများအတွက် နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ထိုင်းနိုင်ငံ အစိုးရတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြား သည်။

ထို့ပြင် ရွှေ့ပြောင်းလုပ်သားများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၁၀ ရက်တွင် ဆုံးဖြတ်သွား မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး ချူတီကာဆာသီယန်က ပြောကြားသည်။

အစားအသောက်နှင့် ရော်ဘာထုတ်လုပ်ခြင်းကဲ့သို့သော ထိုင်းနိုင်ငံ၏ အဓိကအရေးပါသည့် ပို့ကုန်လုပ်ငန်းများသည် ရွှေ့ပြောင်းလုပ်သားများအပေါ်တွင် အလွန်အမင်း မှီခိုနေရ ကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် လက်ရှိအချိန်တွင် နိုင်ငံခြားသားအလုပ်သမား ၄၂၀၀၀၀ လိုအပ်လျက်ရှိကြောင်း ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး ချူတီကာဆာသီယန်က ခန့်မှန်းပြောကြားသည်။

အလုပ်သမားလိုအပ်ချက် အများဆုံးလုပ်ငန်းများမှာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပင်လယ်စာလုပ်ငန်းများ ဖြစ်ကြောင်း သိရသည်။ အလုပ်သမားအများစုသည် ထိုင်းနိုင်ငံ၌ ယခုနှစ်အစောပိုင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ မြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရချိန်တွင် ထိုင်းနိုင်ငံမှ ထွက်ခွာ သွားခဲ့ကြပြီး လက်ရှိအချိန်အထိ ပြန်လည်လာရောက်ခြင်း မရှိသေးကြောင်းသိရသည်။

ထိုင်းနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပေါင်း နှစ်သန်းနီးပါးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၉၇၆၄ ဦး ရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-အလင်းသစ်




# ဂျပန်လေကြောင်းလိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်းလက်မှတ်အား ဒစ်ဂျစ်တယ်စနစ်ဖြင့် စစ်ဆေး




**တိုကျို နိုဝင်ဘာ ၉**

ဂျပန်လေကြောင်းလိုင်း (JAL)သည် အမေရိကန်နိုင်ငံသို့ သွားရောက်မည့် ခရီးသည်များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေး ထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ်များအား ဒစ်ဂျစ်တယ်စနစ်ဖြင့် စစ်ဆေးခြင်းကို ယနေ့ စတင်ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ခွင့်ပြု**

အဆိုပါ စစ်ဆေးခြင်းကို အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ခရီးသည်များအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ပြီးနောက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံသို့ ဂျပန်လေကြောင်းလိုင်း (JAL) ဖြင့် သွားရောက်မည့် ခရီးသည်များအနေဖြင့် စမတ်ဖုန်းတွင် ထည့်သွင်းထားသော ဉာဏ်ရည်တု နည်းပညာသုံး အက်ပလီကေးရှင်းမှတစ်ဆင့် မိမိတို့၏ ဓာတ်ပုံနှင့်ကိုယ်ရေး အချက်အလက်များအား ပေးပို့ရမည်ဖြစ်ပြီး ၎င်းအချက် အလက်များအား တာဝန်ရှိသူများက စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းအက်ပလီကေးရှင်းဖြင့် စစ်ဆေးခြင်းအားဖြင့် သက်ဆိုင်ရာ ခရီးသည်များသည် အမေရိကန်နိုင်ငံသို့ ခရီးသွားလာရန် ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား လိုက်နာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည် ဖြစ်သည်။

ဂျပန်လေကြောင်းလိုင်းအနေဖြင့် ပြည်ပခရီးစဉ်များအား ပိုမိုပြေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူအက်ဆူနိုမီရာ ဆာအိုယီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ



# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း သန်း ၂၅၀ ကျော် ရှိလာ

**နယူးယောက် နိုဝင်ဘာ ၉**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သန်း ၂၅၀ ကျော် ရှိလာပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ရရှိသည့် အချက်အလက်များအရ သိရသည်။

နိုဝင်ဘာ ၈ ရက် အမေရိကန်နိုင်ငံ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၁ မိနစ် အချိန်အထိ ရရှိသည့် အချက်အလက်များအရ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၀၀၁၅၇၈၉ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၀၅၂၁၄၈ ဦးရှိကြောင်း သိရသည်။


အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၆၄၈၈၄၁၇ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၅၄၄၃၁ ဦး ရှိလာကာ ကမ္ဘာ့နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု၏ ၁၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု၏ ၁၅ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄၃၆၆၉၈၇ ဦးဖြင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် ဒုတိယ အများဆုံးနိုင်ငံဖြစ်ပြီး ဘရာဇီးနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၈၈၀၄၃၉ ဦးဖြင့် တတိယအများဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ၆၀၉၄၄၇ ဦးဖြင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ငါးသန်းကျော်ရှိသည့်နိုင်ငံများထဲတွင် ဗြိတိန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူရကီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အီရန်နိုင်ငံတို့လည်း ပါဝင်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်သိန်းကျော် အထက်ရှိသည့် နိုင်ငံများထဲတွင် အိန္ဒိယနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ပီရူးနိုင်ငံတို့လည်း ပါဝင်ကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၃၇ သန်းကျော် ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၂၆ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၄၃၇၇၁၁၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၂၆၃ ရက်တာ ကာလအတွင်း အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနိမ့်ဆုံးဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၂ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးပေါင်း ၄၆၁၃၈၉ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၄၀၆၃၈ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၁၉၈၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၃၃၇၇၅၀၈၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်





# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၈၂၄ ဦးရှိ

**အန်ကာရာ နိုဝင်ဘာ ၉**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၈၂၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၂၅၉၅၀၃ ဦးရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

**ပြန်လည်ကျန်းမာလာသူ ၂၈၂၅၅ ဦးရှိ**

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၇ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၂၁၁၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၈၂၅၅ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၅ ဒသမ ၆၆ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၄၉ ဒသမ ၂၇ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၁၁၇ ဒသမ ၅၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၅၁ သန်းကျော် ရှိလာ

**ကွာလာလမ်ပူ နိုဝင်ဘာ ၉**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၄၃ ဦးရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၂၅၁၀၈၅၂ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၄၃ ဦးအနက် ၄၅၂၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၈ ဦးထပ်တိုးလာသဖြင့် သေဆုံးသူပေါင်း ၂၉၃၄၉ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၃၄၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၄၁၉၇၄၃ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၆၁၇၆၀ ရှိကြောင်း၊ ယင်းတို့အနက် ၅၃၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၂၆၃ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ လက်ရှိတွင် နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၇၅ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၅၁၂၄၀၅၇၉ ဦး

သေဆုံးသူ
၅၀၇၄၈၉၈ ဦး

ပြန်လည်ကျန်းမာလာသူ
၂၂၇၄၆၅၃၇၁ ဦး

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပုလဲလမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ ရဲသူအောင်(ခ)တရုတ်လေးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပဲခူးမြို့ မဇင်းရပ်ကွက် ကြေးနီကန်လမ်းတွင် နန်းဝင်းအောင်(ခ)ငစိုင်း မောင်းနှင်လာသည့်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်မြို့ ရွာဘဲရပ်ကွက် ဗိုလ်တစ်ထောင်ဘုရားလမ်းနေ မျိုးရန်နောင်စိုး(ခ)ရန်နောင်စိုး ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက် စက်မှုဒေသလမ်း အမှတ်(၁၂၇၄) အနီးတွင် ကျော်ဝင်းထွဋ်ကို ရှာဖွေရာ ယာဉ်တစ်စီးနှင့် ဘိန်းဖြူသုည ဒသမ ၂၂ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက် အမှတ် (၁၂၇၄) (၅)လွှာရှိ နေဝင်းထွဋ်၏



ကျော်ဝင်းထွဋ်၊ နေဝင်းထွဋ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Inhaler အခု ၁၈၀၀၊ Raw Materials For Pharmaceuticals အခု ၉၃၉၀၊ Blood Tubing Set For Hemodialysis အခု ၁၁၀၄၀၊ Insulin Syringe အခု ၁၆၂၀၀၊ Commode Wheel Chair အခု ၁၃၀၊ Wheel Chair ၃၃၅ ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက်တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၆ မျိုး (၉၉၅၁၅ ဒသမ ၀၁ ကီလိုဂရမ်)၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုမှ Sodium Chloride Injection အခု ၃၀၃၆၃၀၊ Glucose Injection အခု ၃၈၃၄၀၀၊ SMZ Tablet အခု ၆၀၈၀၀၊ Tetra Capsule အခု ၄၀၆၀၀၊ Vitamin B6 Tablet အခု ၃၂၄၀၀၊ Powder For Injection အခု ၁၃၂၄၀၀၊ CEF-500 Capsule အခု ၁၀၀၀၀၊ Griseofulvin Tablet အခု ၆၀၀၀၀၊ Indo Capsule အခု ၈၀၀၀၀၊ Piratam Capsule အခု ၁၀၂၀၀၊ နှာခေါင်းစည်း ၁၆၉၀၀ ကီလိုဂရမ်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၈၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၁၀၄ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၄ ဒသမ ၀၇၃ တန်၊ သစ်မာ ၂၃ ဒသမ ၈၃၇၆ တန်၊ အခြား ၃၆ ဒသမ ၅၆၆၂ တန် စုစုပေါင်း ၁၀၄ ဒသမ ၄၇၆၈ တန်၊ ပြစ်မှုကျူးလွန်သူ ၃၃ ဦး၊ ယာဉ်/ ယန္တရား ၁၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညီညီသန်း (နေပြည်တော်)






# ဟသ်ာတခရိုင်အတွင်းရှိ ကျေးရွာများ၌ အသေးစားဓာတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး (NEP)၊ မဟာ ဓာတ်အားလိုင်းဖြင့် နောင် ၁၀ နှစ်နှင့် ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သော ဧရိယာရှိ ကျေးရွာများ အတွက် အိမ်သုံးဆိုလာစနစ် (SHS) နှင့် အသေးစားဓာတ်အားစနစ် (Mini–Grid) တို့ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိရာ ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ကျေးရွာပေါင်း ၁၀ ရွာတွင် အသေးစားဓာတ်အားစနစ် (Mini–Grid) ဖြင့် မီးလင်းရေးလုပ်ငန်း ခုနစ်ခုအား ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ အသေးစားဓာတ်အားစနစ် (Mini–Grid) ဖြင့် ကျေးရွာလေးရွာတွင် မီးလင်းရေးလုပ်ငန်း သုံးခုကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး မေလအကုန်တွင် အပြီးသတ်ဆောင်ရွက် နိုင်ရန် တာဝန်ခံဝန်ထမ်းများနှင့် အနီးကပ် ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်ထံမှ သိရသည်။

အဆိုပါ ကျေးရွာပေါင်း ၁၄ ရွာတွင် အသေးစားဓာတ်အားစနစ်ဖြင့် မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၂၀၅၃ စုမှ လူဦးရေ ၁၄၆၉၉ ဦးတို့၏ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် လျှပ်စစ် လမ်းမီးတိုင်များ၌ မီးအလင်းရောင် ရရှိရုံသာမက တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင် လာမည့် ဘဏ္ဍာနှစ်များတွင် စီမံကိန်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် လုပ်ငန်းပေါင်း အခု ၃၀အား အသေးစား ဓာတ်အားစနစ် (Mini–Grid)ဖြင့် ဆောင်ရွက်နိုင်ရေး လျာထားမှုအပေါ် မြေပြင်အခြေအနေအား ကွင်းဆင်းစိစစ် လျက်ရှိပြီး ဘဏ္ဍာနှစ်အလိုက် ခွင့်ပြု ရန်ပုံငွေနှင့် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင် များ ပါဝင်မှုအပေါ်မူတည်၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

# ဇလွန်မြို့နယ်၌ ရေကြီးနစ်မြုပ်ထိခိုက်ကေများအပေါ် နိုင်ငံတော်မှ သွင်းအားစုပုလဲမြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**ဇလွန် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ၂၀၂၁ ခုနှစ် မိုးစပါးသီးနှံ သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ထိခိုက်ကေများအပေါ် နိုင်ငံတော်မှ သွင်းအားစုပုလဲမြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နည်းပညာများ လိုက်နာကျင့်သုံး၍ တစ်ကေအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက သဘာဝဘေးအန္တရာယ်ကြောင့် စပါးသီးနှံ ထိခိုက်ပျက်စီးကေများအတွက် ပုလဲမြေသြဇာ ထောက်ပံ့ပေးအပ်မှုအတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဇလွန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုတွင် ရေကြီးနစ်မြုပ် ကေ ၂၃၈၃ ကေအနက် ရေကြီးနစ်မြုပ် ထိခိုက်ကေ ၂၁၄၄ ကေအပေါ် တောင်သူ ၄၉၇ ဦးအား ပုလဲမြေသြဇာအိတ် ၁၀၂၀ အား တက်ရောက်လာသော တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး ဇလွန်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ကေ ၇၂၃၇၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုး၏ ပြောကြားချက်အရ သိရသည်။

**ဝေယံ–ဇလွန်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ် သဘာဝရေပြင် မြစ်၊ ချောင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် နိုဝင်ဘာ ၉**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါ်များစေရေး၊ ငါးမျိုးပြုန်းတီးမှုလျော့ပါးစေရေးနှင့် ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်းမြင့်မားစေရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝ



ရေပြင်များနှင့် ဆည်တမံရေလှောင်ကန်အတွင်းသို့ နှစ်စဉ် ငါးမျိုး စိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ မီနီဘတ်ဂျက် အတွက် လက်ပံတန်းမြို့နယ် သဘာဝရေပြင် မြစ်၊ ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့တွင် ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလူ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အောင်စည်သူနှင့် ဦးမြင့်သူ၊ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း၊ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်မင်းနိုင်၊ အတွင်းရေးမှူး ရဲမှူးတင်ဦး၊ မြို့နယ်ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌ ဦးတင်စိုးရှိန်နှင့် ကော်မတီဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်နှင့် ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အုပ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိုးသီတာနှင့် ရုံးဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၇၀၀၀၀ နှင့် ရွှေဝါငါးကြင်း ကောင်ရေ ၃၀၀၀၀ စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးအား သမဝါယမစနစ်ဖြင့် တိုးချဲ့ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ကော်ဖီသီးနှံ တိုးချဲ့ စိုက်ပျိုးရေးကို Pilot Project အဖြစ် မြို့နယ်ပေါင်း ကိုးမြို့နယ်အနက် လေးမြို့နယ်ဖြစ်သော တွန်းဇံ၊ ကန်ပက်လက်၊ တီးတိန်၊ မင်းတပ်မြို့နယ် တို့ရှိ ကျေးရွာပေါင်း ငါးရွာတွင် သမဝါယမအသင်းများဖွဲ့စည်းကာ ကော်ဖီဧက ၂၃၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ဒေသခံအများစုသည် ယခင်က တောင်ယာလုပ်ငန်းနှင့် အစေ့ထုတ်ပြောင်းကိုသာ အဓိကထားစီးပွားဖြစ် လုပ်ကိုင်ခဲ့ကြရာ ယခုအခါ ကော်ဖီသီးနှံများကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်စေခြင်းဖြင့် ကော်ဖီစိုက်တောင်သူများ စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်သည်။ ကော်ဖီစိုက်ခင်းများ ပြုစုပျိုးထောင်ရာတွင်လည်း လူနှင့်လုပ်အားများ လိုအပ်မည်ဖြစ်၍ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျေးလက်နေမိသားစုဝင်များအတွက် ဝင်ငွေတိုးတက်ရရှိစေခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟမှု နည်းပါးလာမည့်အပြင် စွမ်းဆောင်ရည်မြင့်မားသော သမဝါယမအသင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှူး ဦးမြင့်ဇော်ထွန်းထံမှ သိရသည်။

ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်ရေးကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ကော်ဖီမှုန့်၊ ကော်ဖီဝိုင်၊ ကော်ဖီဆပ်ပြာ၊ ကော်ဖီ Scrub စသည်တို့ကိုပါ ထုတ်လုပ်နိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကော်ဖီစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်နှင့် ကော်ဖီအမှုန့်ကြိတ်စက်များဝယ်ယူနိုင်ရန် အရင်းအနှီးချေးငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ချေးငွေမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေကာလ (၃)နှစ် သတ်မှတ်ကာ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကန်ပက်လက်မြို့နယ် ချင်းလီတိုင်စက်မှုကုန်ထုတ် သမဝါယမအသင်းနှင့် တီးတိန်မြို့နယ် ဟိုက်လင်းဒါးချင်းတောင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့မှ ကော်ဖီများစိုက်ပျိုးပြီး ကော်ဖီမှုန့်များထုတ်လုပ်ကာ ဒေသတွင်းနှင့် နယ်မြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

နောင်လာမည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း တစ်မြို့နယ် လျှင် ဧက ၃၀ ဖြင့် ကိုးမြို့နယ်တွင် ဧက ၂၇၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့ ဈေးများနှင့်ကားဂိတ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**လားရှိုး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန၏ ကွပ်ကဲမှုအောက်ရှိ မြို့မဈေး၊ လားရှိုးဈေးကြီး၊ အောင်မင်္ဂလာပျံကျဈေး၊ မန်အိုင်ပျံကျဈေး၊ ကောင်းခါးပျံကျဈေး၊ ခါးရိုးဈေးနှင့် ရပ်ကွက် (၉)ရှိ ဘူတာညနေဈေးတို့တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများ နှင့်ပူးပေါင်း၍ ယနေ့အထိ ဈေးသူ ဈေးသား ၇၁၄ ဦးတို့အား Pilot Project အစီအစဉ်ဖြင့် စစ်ဆေးပေးပြီး နားမခေါ်ယာဉ်ရပ်နားစခန်းတွင် ၉၄ ဦး၊ မန်ဆူကားဝင်းတွင် ၁၅၃ ဦးတို့ကိုလည်း အလားတူစစ်ဆေး ပေးခဲ့ကြသည်။

**၂၁ဝ**



# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တူရကီသမ္မတနိုင်ငံ)

လင်းခက်

(ယမန်နေ့မှအဆက်)

**ဆန္ဒမဲပေးခြင်းနှင့်မဲရေတွက်ခြင်း**

တူရကီနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲများကို မဲဆန္ဒနယ်အားလုံးတွင် တစ်ပြိုင်တည်း၊ တစ်ရက်တည်းဆောင်ရွက်ရပြီး လွတ်လပ်၍ တရားမျှတသော လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးသည်။ မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးရာတွင် ပါတီ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကိုသာ ရွေးချယ်စေပြီး ယင်းပါတီ သို့မဟုတ် အဖွဲ့အတွင်းရှိ ၎င်းတို့နှစ်သက်သည့် မည်သည့်ကိုယ်စားလှယ်လောင်းကိုမဆို သီးသန့်ရွေးချယ်မဲပေးခွင့်မရှိသည့် Closed List PR စနစ်အား ကျင့်သုံးပါသည်။ ဆန္ဒမဲများရေတွက်ရာတွင် အချိုးကျကိုယ်စားပြု (List PR) စနစ်တွင် ရရှိလာသည့် ကိုယ်စားလှယ်နေရာများအား အညီအမျှ ခွဲဝေရန် (D'Hondt Formula – Highest Average Method) ကို အသုံးပြုသည်။

Highest Average Method သည် စာရင်းလိုက်အချိုးကျကိုယ်စားပြုစနစ်များတွင် အသုံးပြုသော မဲအရေအတွက်ကို ကိုယ်စားလှယ်နေရာအရေအတွက်သို့ ပြောင်းလဲတွက်ချက်ရာတွင် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။ မဲရေတွက်မှုဖြစ်စဉ်တစ်ခုလုံး ပြီးသွားသည့်နောက် မဲဆန္ဒနယ်တစ်ခုရှိ စုစုပေါင်းမဲအများဆုံး ရထားသည့်ပါတီတစ်ခု သို့မဟုတ် အုပ်စုတစ်ခုအား အောက်ဖော်ပြပါနည်းလမ်းအတိုင်း ကိုယ်စားလှယ်နေရာခွဲဝေပေးခြင်းဖြစ်သည်။

Quot = V / (S+1)

အဆိုပါတွက်ချက်နည်းတွင် V သည် ပါတီတစ်ခုရရှိသည့် ခိုင်လုံမဲစုစုပေါင်းဖြစ်ပြီး S သည် ရရှိလာသည့် ကိုယ်စားလှယ်ခွဲတမ်းဖြစ်သည်။ ကနဦးစတင်တွက်ချက်ရာတွင် ကိုယ်စားလှယ်ခွဲတမ်း (S) အား ၀ (သုည) အဖြစ်သတ်မှတ်ထားမည်ဖြစ်သည်။ ထို့နောက် အဆင့်လိုက်ယှဉ်ပြိုင်မှုများတွင် ကိုယ်စားလှယ်တစ်နေရာ စတင်ရရှိပါက (၁+၁)၊ နှစ်နေရာရရှိပြီးပါက (၂+၁)၊ သုံးနေရာရရှိပြီးပါက (၃+၁) စသည်ဖြင့် တွက်ချက်သွားမည်ဖြစ်သည်။ မဲဆန္ဒနယ်အတွင်း ခိုင်လုံမဲအများဆုံးရရှိသည့်ပါတီမှစ၍ အထက်ပါတွက်ချက်နည်းအတိုင်း ကိုယ်စားလှယ်ခွဲဝေသွားမည်ဖြစ်သည်။

ဥပမာအားဖြင့် ခိုင်လုံမဲပေါင်း ၂၃၀၀၀၀ ရှိသည့်မဲဆန္ဒနယ်တွင် နိုင်ငံရေးပါတီလေးခု ဝင်ရောက်ယှဉ်ပြိုင်ပြီး ကိုယ်စားလှယ်ရှစ်ဦး ခွဲတမ်းရရှိသည်ဆိုရာတွင် –

| အဆင့်လိုက်တွက်ချက်မှု | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | စုစုပေါင်းကိုယ်စားလှယ်ရရှိမှု |
|---|---|---|---|---|---|---|---|---|---|
| (က) ပါတီအဆင့်လိုက်တွက်ချက်မှု | **၁၀၀၀၀၀<br>၁** | ၅၀၀၀၀<br>၁ | **၅၀၀၀၀<br>၂** | ၃၃၃၃၃<br>၂ | **၃၃၃၃၃<br>၃** | ၂၅၀၀၀<br>၃ | ၂၅၀၀၀<br>၃ | **၂၅၀၀၀<br>၄** | ၄ |
| (ခ) ပါတီအဆင့်လိုက်တွက်ချက်မှု | ၈၀၀၀၀<br>၀ | **၈၀၀၀၀<br>၁** | ၄၀၀၀၀<br>၁ | **၄၀၀၀၀<br>၂** | ၂၆၆၆၇<br>၂ | ၂၆၆၆၇<br>၂ | **၂၆၆၆၇<br>၃** | ၂၀၀၀၀<br>၃ | ၃ |
| (ဂ) ပါတီအဆင့်လိုက်တွက်ချက်မှု | ၃၀၀၀၀<br>၀ | ၃၀၀၀၀<br>၀ | ၃၀၀၀၀<br>၀ | ၃၀၀၀၀<br>၀ | ၃၀၀၀၀<br>၀ | **၃၀၀၀၀<br>၁** | ၁၅၀၀၀<br>၁ | ၁၅၀၀၀<br>၁ | ၁ |
| (ဃ) ပါတီအဆင့်လိုက်တွက်ချက်မှု | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၂၀၀၀၀<br>၀ | ၀ |

(D'Hondt Formula – Highest Average Method )သည် စုစုပေါင်းမဲအများဆုံးရရှိထားသည့် ပါတီများအလိုက် ကိုယ်စားလှယ်နေရာခွဲဝေပေးခြင်းအား အထက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ပါသည်။ အဆင့်လိုက်ယှဉ်ပြိုင်မှုများတွင် မဲဆန္ဒနယ်အတွင်း ပါတီအလိုက်ရရှိလာသော ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်ခွဲတမ်း (ကနဦး ၀) + ၁ ဖြင့် စတင်စား၍ အများဆုံးကျန်ရှိသည့် ခိုင်လုံမဲအရေအတွက်များ နှိုင်းယှဉ်ကာ ကိုယ်စားလှယ်နေရာများ ခွဲဝေသွားမည်ဖြစ်သည်။

**သမ္မတရွေးကောက်ပွဲများ**

နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုက်ရိုက်ရွေးကောက်တင်မြှောက်ရပြီး သက်တမ်းအားဖြင့် ငါးနှစ်ဖြစ်သည်။ နိုင်ငံတော်သမ္မတအား ရွေးကောက်တင်မြှောက်ရာတွင် အသက် (၄၀) နှစ်ပြည့်ပြီးသူ၊ ဘွဲ့တစ်ခုခုရရှိထားသူ စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရည်အချင်း သတ်မှတ်ချက်များနှင့်ပြည့်စုံသူကိုသာ သမ္မတရွေးကောက်ပွဲမှတစ်ဆင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။

သမ္မတရွေးကောက်ပွဲတွင် နှစ်ကျော့ပြိုင်စနစ် (Two Round System) ကို ကျင့်သုံးပါသည်။ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအနက် ကနဦး (ပထမအကျော့) ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲတွင် မည်သည့်ကိုယ်စားလှယ်လောင်းမျှ ၅၀ ရာခိုင်နှုန်းအထက် ခိုင်လုံမဲမရရှိခဲ့လျှင် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးအား ရွေးချယ်၍ ပြန်လည်ယှဉ်ပြိုင်ရသည့်စနစ်ဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအစုအဖွဲ့များ၊ နိုင်ငံရေးပါတီများသည် ခိုင်လုံမဲစုစုပေါင်း၏ ငါးရာခိုင်နှုန်းရရှိလျှင်သော်လည်းကောင်း၊ အနည်းဆုံးမဲဆန္ဒရှင်တစ်သိန်း၏ အဆိုပြုချက်ဖြင့်သော်လည်းကောင်း သမ္မတလောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**ဒေသန္တရရွေးကောက်ပွဲများ**

တူရကီနိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် (FPTP) ကို ကျင့်သုံးပြီး နောက်ဆုံးကျင်းပခဲ့သည့် မြို့တော်ဝန်ရွေးကောက်ပွဲများ၊ ခရိုင်အဆင့်ရွေးကောက်ပွဲများ၊ မြို့နယ်အဆင့်/ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲများကို ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

တူရကီနိုင်ငံ၏ ပထမဆုံးသောဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၈၇၆ ခုနှစ် အော်တိုမန်အင်ပါယာခေတ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံ့သမိုင်းတစ်လျှောက် ဒီမိုကရေစီစနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများပြဋ္ဌာန်းလာပြီး အောက်ပါအတိုင်းတွေ့ရှိရမည်ဖြစ်သည်။

(က) ၁၉၂၁ ဖွဲ့စည်းပုံအခြေခံဥပဒေ

(ခ) ၁၉၂၄ ဖွဲ့စည်းပုံအခြေခံဥပဒေ

(ဂ) ၁၉၆၁ ဖွဲ့စည်းပုံအခြေခံဥပဒေ

(ဃ) ၁၉၈၂ ဖွဲ့စည်းပုံအခြေခံဥပဒေ (လက်ရှိအသုံးပြုလျက်ရှိသည်)

လက်ရှိအသုံးပြုလျက်ရှိသော ၁၉၈၂ ဖွဲ့စည်းပုံအခြေခံဥပဒေအား တပ်မတော်အုပ်ချုပ်ရေးကာလ ၁၉၈၀–၁၉၈၃ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်အတူ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၈၂ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား ၁၉ ကြိမ် ဆောင်ရွက်ထားပြီးဖြစ်ပြီး သုံးကြိမ်အား ၂၀၀၇၊ ၂၀၁၀နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများမှတစ်ဆင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

**ဗဟိုရွေးကောက်ပွဲကျင်းပရေးကောင်စီ (Supreme Election Council)**

ဗဟိုရွေးကောက်ပွဲကျင်းပရေးကောင်စီသည် လွတ်လပ်တရားမျှတမှုရှိသော လျှို့ဝှက်ဆန္ဒမဲပေးခြင်း၊ ပွင့်လင်းမြင်သာစွာ မဲရလဒ်များတွက်ချက်ထုတ်ပြန်ခြင်း၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိစေရေး စသည်တို့ကို ကြီးကြပ်ဆောင်ရွက်သည်။ ဗဟိုရွေးကောက်ပွဲကျင်းပရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ခုနစ်ဦး၊ အရန်အဖွဲ့ဝင် လေးဦးဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်ခြောက်ဦးအား Cassation တရားရုံး အထွေထွေကောင်စီအဖွဲ့ဝင်များအနက် အဖွဲ့ဝင်အချင်းချင်း လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရပြီး အဖွဲ့ဝင်ငါးဦးအား နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များအနက် အဖွဲ့ဝင်အချင်းချင်း လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ရသည်။ ထို့နောက် ရွေးချယ်ခံရသည့်အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏သက်တမ်းသည် ခြောက်နှစ်ဖြစ်သည်။ ထို့ပြင် နောက်ဆုံးကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အများဆုံးရရှိသည့် နိုင်ငံရေးပါတီလေးခုအနေဖြင့် ဗဟိုရွေးကောက်ပွဲကျင်းပရေးကောင်စီတွင် အမြဲတမ်းကိုယ်စားလှယ်တစ်ဦးနှင့် အရန်ကိုယ်စားလှယ်တစ်ဦးစီ ထားရှိခွင့်ရှိသည်။ အဆိုပါကိုယ်စားလှယ်များသည် ကောင်စီ၏အစည်းအဝေးများတက်ရောက်ခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်သော်လည်း မဲပေးဆုံးဖြတ်ခွင့်မရှိပေ။

ဗဟိုရွေးကောက်ပွဲကျင်းပရေး ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ –

(က) လွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတွင် တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ အပြီးသတ်ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(ခ) ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲမှတ်တမ်းများအား ထိန်းသိမ်းထားရှိခြင်း၊

(ဂ) သမ္မတရွေးကောက်ပွဲ မှတ်တမ်းများအား ထိန်းသိမ်းထားရှိခြင်း၊ သမ္မတအဖြစ် ရွေးကောက်ခံရသူ အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်ကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အဆင့်မြှင့်တင်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ လိုအပ်သည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(င) ရွေးကောက်ပွဲကာလတွင် ရေဒီယို၊ ရုပ်သံထုတ်လွှင့်ရေး အစီအစဉ်များမှတစ်ဆင့် မဲဆန္ဒရှင်အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေးလိုအပ်သည်များ ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံပြင်ပမဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရေးလိုအပ်သည်များ ဆောင်ရွက်ခြင်း၊

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကိုထမ်းဆောင်ခြင်း စသည်တို့ဖြစ်သည်။

**၂၀၁၈ အထွေထွေရွေးကောက်ပွဲ**

တူရကီနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအား ၂၀၁၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် ၆၀၀ ပါဝင်သည့် လွှတ်တော်ရွေးကောက်ပွဲများအား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပခဲ့ပြီး သမ္မတရွေးကောက်ပွဲအား နှစ်ကျော့ပြိုင်စနစ်ဖြင့် ကျင်းပခဲ့သည်။

လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီရှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး People Alliance အဖြစ် မိတ်ဖက်ဖွဲ့စည်းထားသည့် AK ပါတီနှင့် MHP ပါတီတို့မှ ခိုင်လုံမဲ ၂၆၉၀၄၀၂၄ မဲ ၅၃ ဒသမ ၆၆ ရာခိုင်နှုန်းဖြင့် ကိုယ်စားလှယ် ၃၄၄ ဦး၊ Nation Alliance အဖြစ် မိတ်ဖက်ဖွဲ့စည်းထားသည့် CHP ပါတီ၊ SP ပါတီနှင့် IYI ပါတီတို့မှ ခိုင်လုံမဲ ၁၇၀၁၉၈၀၈ မဲ ၃၃ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် ကိုယ်စားလှယ် ၁၈၉ ဦး၊ HDP ပါတီမှ ခိုင်လုံမဲ ၅၈၆၇၃၀၂ မဲ ၁၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ကိုယ်စားလှယ် ၆၇ ဦးရရှိခဲ့ပြီး မဲပေးမှုရာခိုင်နှုန်းမှာ ၈၆ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လက်ရှိသမ္မတ ရာဂျစ်တိုင်ရစ်ပ်အယ်ဒိုဝမ်က ထောက်ခံမဲ ၂၆၃၃၀၈၂၃ မဲ ၅၂ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲ ပထမအကျော့တွင်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သမ္မတရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း ၅၉၃၆၇၄၆၉ ဦး၊ ခိုင်လုံမဲပေါင်း ၅၀၀၆၈၆၂၇ မဲနှင့် ပယ်မဲ/ ပျောက်မဲပေါင်း ၁၁၂၉၃၃၂ မဲရှိကြောင်း တွေ့ရှိရပြီး မဲပေးမှုရာခိုင်နှုန်းမှာ ၈၆ ဒသမ ၂၄ ရာခိုင်နှုန်းဖြစ်သည်။

**နိဂုံး**

တူရကီနိုင်ငံသည် အော်တိုမန်အင်ပါယာခေတ်မှစကာ ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြဋ္ဌာန်းကျင့်သုံးလာပြီး ရွေးကောက်ပွဲစနစ်များ၊ နိုင်ငံရေးစနစ်များ ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၂၃ ခုနှစ်တွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့ချိန်မှစ၍ နိုင်ငံတော်သမ္မတအား လွှတ်တော်မှတစ်ဆင့် ရွေးချယ်ခဲ့သည်။

စာမျက်နှာ ၁၇ သို့ ◆

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ တင်ဒါဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်ထောင်စုပြည်နယ် (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၏ တင်ဒါဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ပြောကြား**

အခမ်းအနား၌ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် ကုမ္ပဏီများမှ တင်သွင်းထားသော တင်ဒါလျှောက်လွှာများအား တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ တင်ဒါရရှိသော ကုမ္ပဏီများအနေဖြင့် ကျေးလက်ဒေသများတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန်အတွက်



လုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ စေတနာထားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးများသို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အဆင့်ဆင့် တင်ပြကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက တင်ဒါဖွင့်ပွဲနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက တင်ဒါဖွင့်ဖောက်စိစစ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

**လျှောက်လွှာတင်သွင်းမှုပေါင်း ၅၂၇ စောင်**

ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်ထောင်စု ပြည်နယ် (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအနေဖြင့် Lot အရေအတွက်စုစုပေါင်း ၁၄၇ ခုရှိပြီး တင်ဒါတင်သွင်းထားသော Lot ၁၄၃ ခုရှိကြောင်း၊ လျှောက်လွှာဝယ်ယူမှုပေါင်း ၅၃၃ စောင်ရှိပြီး ကုမ္ပဏီပေါင်း ၂၆၅ ခုမှ လျှောက်လွှာတင်သွင်းမှုပေါင်း ၅၂၇ စောင်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို၊ ပြည်နယ်အဆင့်တင်ဒါကော်မတီများနှင့် တင်ဒါတင်သွင်းထားသော ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## မင်္ဂလာဒုံမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပြည်သူများ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရန်ရည်ရွယ်၍ ပန်းခင်းစီမံချက်ဖြင့် ယမန်နေ့ နံနက်ပိုင်းက (၂/ခ) ရပ်ကွက်ရှိ ပြည်သူများအား ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်း ဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်၊ ဒုလဝကမှူး ဒေါ်နွယ်မာထွန်းနှင့် ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်း ရှိ၍ ကိုင်ဆောင်လက်မှတ် မရှိသူများကို ဆောင်ရွက်ပေးသည်။

ရပ်ကွက်အတွင်း အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားကတ်ကိုင်ဆောင်သူ ၂၅ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားကတ်ကိုင်ဆောင်သူ သုံးဦး၊ အသက် ၁၀ နှစ်ပြည့်မှ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားကတ်လဲလှယ်သူ ၁၄ ဦး စုစုပေါင်း ၄၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ဆောင်ရွက်ပေးသည်။

ထိုသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လူစည်ကားရာနေရာများ၌ "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဗီနိုင်းပိုစတာများ ချိတ်ဆွဲခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၆ ဦးနှင့် အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၁၀၂ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**



◆ စာမျက်နှာ ၁၆ မှ

၁၉၆၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်ထားရှိသည့်စနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် အထက်လွှတ်တော် (Senate) အား ဖျက်သိမ်းခဲ့သည်။ ၂၀၀၇ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် ၂၀၁၄ ခုနှစ်မှစ၍ သမ္မတအား တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့်ရွေးကောက်ပွဲများပေါ်ပေါက်လာပြီး ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများတွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးသည့်အတွက် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်ကြား အပြန်အလှန်ထိန်းကျောင်းမှုများ အားကောင်းလာကာ ဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**


- Turkey's Constitution of 1982 with Amendments through 2017
- Turkey'Law on Parliamentary Elections https://www.ysk.gov.tr/en/supreme-election-council/1841
- https:// www. researchgate.net/publication/332703377_How_do_Turks_abroad_vote
- https://www.ifes.org/sites/default/files/electoral-system-design-the-new-international-idea-handbook.pdf
- https://en. wikipedia. org/wiki/Electoral_system_of_Turkey
- https://global.tbmm.gov.tr/index.php/EN/yd/icerik/13
- https://en.wikipedia.org/wiki/2018_Turkish_parliamentary_election
- https://en.wikipedia.org/wiki/2018_Turkish_presidential_election

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၇၆ ဦး တွေ့ရှိ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၈-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း**(၂၄,၇၈၁)**ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၇၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၁၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၀၈၂,၀၇၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၀၈,၅၉၁)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၉၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၀,၂၂၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၈၅၅) ဦးရှိပါသည်။


- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ လွန်ခဲ့သောနှစ်ပတ်အတွင်း (၅) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၃၇) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၉) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၆) ခု | (၁၉) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၂) ခု | (၂၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၇) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၃၈၆) ခု | (၆၆၇) ဦး |
| စုစုပေါင်း | (၂၄,၇၈၁) ခု | (၇၇၆) ဦး |

### မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ (၂၇-၅-၂၀၂၁ မှ ၈-၁၁-၂၀၂၁)




### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၄၅၃၉၅၀ | ၃၇၄၉၆၃၆၄ | ၇၇၆၃၁၁ |
| ၂။ | အိန္ဒိယ | ၃၄၃၇၆၂၉၈ | ၃၃၇၆၆၀၈၁ | ၄၆၁၃၇၅ |
| ၃။ | ဘရာဇီး | ၂၁၈၈၆၀၇၇ | ၂၁၀၈၂၃၄၃ | ၆၀၉၆၀၂ |
| ၄။ | ဗြိတိန် | ၉၃၃၃၈၉၁ | ၇၆၂၉၉၉၀ | ၁၄၁၈၆၂ |
| ၅။ | ရုရှား | ၈၈၇၃၆၅၅ | ၇၆၁၉၅၉၆ | ၂၄၉၂၁၅ |
| ၆။ | တူရကီ | ၈၂၅၉၅၀၃ | ၇၇၃၇၂၅၉ | ၇၂၃၁၄ |
| ၇။ | ပြင်သစ် | ၇၂၁၉၆၈၁ | ၆၉၇၈၀၇၈ | ၁၁၇၉၆၅ |
| ၈။ | အီရန် | ၆၀၀၄၄၆၀ | ၅၆၂၉၅၉၆ | ၁၂၇၅၅၁ |
| ၉။ | အာဂျင်တီးနား | ၅၂၉၈၀၆၉ | ၅၁၆၅၃၀၃ | ၁၁၆၁၄၃ |
| ၁၀။ | စပိန် | ၅၀၃၂၀၅၆ | ၄၈၈၃၇၅၂ | ၈၇၅၅၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၈၈၄၃ | ၄၀၉၅၆၆၃ | ၁၄၃၅၇၈ |
| ၂။ | ဖိလစ်ပိုင် | ၂၈၀၆၆၉၄ | ၂၇၃၁၅၈၃ | ၄၄၅၆၇ |
| ၃။ | မလေးရှား | ၂၅၁၀၈၅၂ | ၂၄၁၉၇၄၃ | ၂၉၃၄၉ |
| ၄။ | ထိုင်း | ၁၉၈၂၄၉၅ | ၁၈၆၅၄၈၇ | ၁၉၇၆၄ |
| ၅။ | ဗီယက်နမ် | ၉၈၄၈၀၅ | ၈၄၂၈၀၀ | ၂၂၆၈၆ |
| ၆။ | မြန်မာ | ၅၀၈၅၉၁ | ၄၈၀၂၂၀ | ၁၈၈၅၅ |
| ၇။ | စင်ကာပူ | ၂၂၀၈၀၃ | ၁၉၅၂၆၅ | ၅၁၁ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၂၂၇ | ၁၁၅၅၉၁ | ၂၈၄၀ |
| ၉။ | လာအို | ၄၈၈၉၁ | ၃၉၄၅၄ | ၈၉ |
| ၁၀။ | ဘရူနိုင်း | ၁၃၇၈၂ | ၁၂၆၀၃ | ၉၃ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဘော်ဘီက အဆွယ်ကောင်းသည်နှင့်ပင် ဖန်းဖဲယားသို့ မောင်မောင်ဦးရောက်ခဲ့ရသည်။ ဖန်းဖဲယားကို ကျောင်းအရှေ့မြက်ခင်းပြင်တွင် ကျင်းပသည်။ မြက်ခင်းအလယ်တွင် မြင့်မားသော တိုင်ထူလျက် မီးသီးရောင်စုံများ ချိတ်ဆွဲထွန်းညှိထားသည်။ ယင်းပတ်ပတ်လည်မှာ စားသောက်ဖွယ်ဈေးဆိုင်တန်းများ၊ ကစားဆော့မြူးဖွယ်ရာများရှိသည်။ ဈေးဆိုင်တန်းတွင် ဘူးသီးကြော်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံလက်သုပ်၊ ရှာလပတ်ရည်ဆိုင်များ ပါဝင်သည်။ ကျောင်းရန်ပုံငွေအတွက် ကျောင်းသူများကိုယ်တိုင်ချက်၍ ကိုယ်တိုင်ရောင်းသည်။ ကစားဆော့မြူးဖွယ် ဆိုင်တန်းများ၌ အန်စာတုံး၊ သေနတ်ပစ်၊ သားရေကွင်းပစ်၊ မြားပစ်၊ ဂေါ်လီနှိုက် စသည်ဖြင့် ကစားနည်းမျိုးစုံ ပါဝင်သည်။

ထိုအထဲတွင် ထိုနှစ်ကမှ စတင်တီထွင်လိုက်ဟန်တူသော ဖယောင်းတိုင်မီးထွန်းကစားနည်းမှာ မောင်မောင်ဦးတို့အတွက် အသစ်အဆန်းဖြစ်နေသည်။

သည့်ကစားနည်းတွင် အေမီမြိုင်က ဒိုင်လူကြီး။

ယင်းကစားနည်းဘက်သို့ မရောက်သေးခင်က မောင်မောင်ဦးသည် သေနတ်ပစ်သည်။ သားရေကွင်းပစ်သည်။ မြားပေါက်သည်။ သေနတ်မှာ လေသေနတ်ဖြစ်သည်။ ပစ်ကွင်းအလယ်အမှတ်သို့ မှန်အောင်ပစ်နိုင်လျှင် စီးကရက်တစ်ဘူးရသည်။ သေနတ်မှာ ပြောင်းကို မသိမသာ ညွတ်ထားသည်။ သို့ဖြစ်၍ ချိန်သီးအတိုင်း ချိန်ပစ်ပါက လွဲတတ်သည်။ အသေအချာချိန်လေ အသေအချာလွဲလေဖြစ်သည်။ သည်သဘောကို နောကျေနေကြသော မောင်မောင်ဦးသည် သေနတ်ကို သုံးလေးလှည့်လောက်သာလွဲပြီး ကျန်အလှည့်များ၌ နှစ်လှည့်တစ်လှည့်လောက် ထိနေရာ ဒိုင်လျော်ရမတတ် ဖြစ်လာသည်။ မောင်မောင်ဦးတို့ထံ စီးကရက်ဘူးများ စုပုံရောက်ရှိလာသည်။ ဒိုင်လုပ်သူက တောင်းပန်လွှတ်၍အခြားကစားနည်းသို့ ကူးပြောင်းလာရသည်။

သားရေကွင်းပစ်ကစားနည်းမှာ မလွယ်လှ။ ဆယ်ကောင်မျှရှိသော ဘဲအုပ်အတွင်းမှ ဘဲတစ်ကောင်၏ခေါင်းကို သားရေကွင်းနှင့် စွပ်မိအောင် ပစ်ရသည်။ ဘဲများမှာ လှုပ်ရှားနေသည်။ ပြေးလွှားနေသည်။ ခေါင်းကို နိမ့်ချည် ကြွချည် လုပ်တတ်ကြသည်။ သားရေကွင်းပစ်ရာတွင် နိုင်လာသော စီးကရက်ဘူးတစ်ဝက်လောက် ချောသွားသည်။ သို့ဖြစ်၍ မောင်မောင်ဦးတို့ ထိုကစားနည်းကို လက်မြှောက်ကြသည်။

မြားပေါက်ရာတွင်မူ လက်မှန်းနှင့် အချိန်အဆလိုသည်။ သစ်သားစက်ဝိုင်းကို ဖဲထီးသံချောင်းချွန်ကြက်တောင်တပ်ထားသောမြားဖြင့် ပစ်ပေါက်ရသည်။ ယင်းကစားနည်း၌ သုံးလေးတစ်လေးနီးပါး နိုင်နေသော်လည်း ကြာသော် ပေါက်ရသည်ကို ပျင်းလာ၍ ဖဲကြဉ်ခဲ့ကြသည်။

သည်တွင် မောင်မောင်ဦးတို့လူသိုက် အေမီမြိုင် ဒိုင်လုပ်သော ကစားနည်းသို့ ရောက်လာကြသည်။ သည်ကစားနည်းကို မြင်မှပင် မောင်မောင်ဦး စိတ်ဝင်စားသည်။

ဖယောင်းတိုင် ဆယ်တိုင် စိုက်ထားသည်။ ယင်းဖယောင်းတိုင်ဆယ်တိုင်ကို သစ်သားမီးခြစ်ဆံ တစ်ချောင်းတည်းဖြင့် ဆယ်တိုင်လုံးစွဲအောင် မီးညှိရမည် ဖြစ်သည်။ မီးညှိနိုင်လျှင် ရမည့် လက်ဆောင်ပစ္စည်းကလည်း တန်ဖိုးရှိသည်။ ဂျော်နီဝါးကား အရက်ပုလင်းတစ်လုံး။ .

ကစားနည်းကသာ စိတ်ဝင်စားဖွယ်ကောင်းသည် မဟုတ်သေး။ ရရှိမည့် လက်ဆောင်ပစ္စည်းကသာ မက်မောဖွယ် ကောင်းသည်မဟုတ်သေး။ ဒိုင်လုပ်သူ၏ အသွင်အပြင်ကလည်း စိတ်ဝင်စားဖွယ်၊ မက်မောဖွယ်ကောင်းသည်ဟု မောင်မောင်ဦး ထင်သည်။

စင်စစ် အေမီမြိုင်၏အလှအပသည် ထိုညတစ်ညလုံး သူတွေ့ရသမျှ မိန်းကလေးတိုင်း၏ အလှအပများအထဲတွင် အထူးခြားဆုံးပဲ ထင်သည်။ သူမ၏ အသားအရေမှာ မဖြူလှ။ အညိုဘက်သို့ လုနေသည်။ အရပ်အမောင်းမှာ မိန်းကလေးတစ်ယောက်အနေနှင့် ကောင်းလှသည်။ မြင့်မားလှသည်။ သွယ်သည် ထင်ရသော်လည်း သူ့အချိုးအဆက်နှင့်သူ လိုက်ဖက်သည့် အသားစိုင်များ ရှိသည်။ အေမီမြိုင်၏ မျက်နှာမှာ သွယ်သည်။ နှာတံပေါ်သည်။ မျက်ခုံးမွေးသည် မည်းနက်သန်မာလျက် အလယ်နှာရိုးထိပ်တွင် အပြတ်အတောက်မရှိဘဲ ဆက်လုမတတ် ပေါက်နေသည်။ သူမ၏ အထူးခြားဆုံးအရာမှာ ပြာလဲ့လဲ့ မျက်လုံးများပင် ဖြစ်သည်။

**အေမီမြိုင်၏အလှအပသည် ထိုညတစ်ညလုံး သူတွေ့ရသမျှ မိန်းကလေးတိုင်း၏ အလှအပများအထဲတွင် အထူးခြားဆုံးပဲထင်သည်။ သူမ၏အသားအရေမှာ မဖြူလှ။ အညိုဘက်သို့ လုနေသည်။ အရပ်အမောင်းမှာ မိန်းကလေးတစ်ယောက်အနေနှင့် ကောင်းလှသည်။ မြင့်မားလှသည်။ သွယ်သည်ထင်ရသော်လည်း သူ့အချိုးအဆက်နှင့်သူ လိုက်ဖက်သည့် အသားစိုင်များရှိသည်။ အေမီမြိုင်၏ မျက်နှာမှာသွယ်သည်။ နှာတံပေါ်သည်။ မျက်ခုံးမွေးသည် မည်းနက်သန်မာလျက် အလယ်နှာရိုးထိပ်တွင် အပြတ်အတောက်မရှိဘဲ ဆက်လုမတတ် ပေါက်နေသည်။ သူမ၏ အထူးခြားဆုံးအရာမှာ ပြာလဲ့လဲ့ မျက်လုံးများ...**

အလှအပကို မက်မောတတ်သော၊ ရှာဖွေတတ်သော အလှမုဆိုး မောင်မောင်ဦးသည်တွင်ပင် သားကောင်ရွှေသမင်ကို တွေ့လာရပြန်လေသည်။

သူတို့လူသိုက် အေမီမြိုင်တို့ ကစားနည်းအနားသို့ ချဉ်းကပ်လာခဲ့သည်။ အေမီမြိုင်တို့ စိတ်ပျက်စကားပြောနေချိန်နှင့် ကြုံကြိုက်ရသည်။

"အေမီတော့ ဒီကစားနည်းမှာ ဒိုင်လုပ်ရတာ ပျင်းလာပြီ"

သူမဘေးမှ မိန်းကလေးက သူမကို ပြန်မေးသည်။

"ဘာဖြစ်လို့လဲ အေမီ"

"ယူပဲ စဉ်းစားကြည့်ပါဦး။ ဖန်းဖဲယား စဖွင့်တဲ့အချိန်က အခုသိမ်းတော့မယ့်အချိန်အထိ တစ်ယောက်မှ ဆုကို မရသေးဘူး မဟုတ်လား။ ဂျော်နီဝါးကား ပုလင်းကို ကြည့်ပါဦး ဖုန်တောင်တက်နေပြီ။ ဘယ်သူမှ ကစားလို့မရတဲ့ ကစားနည်းမှာ ဒိုင်လုပ်ရတာ ငြီးငွေ့စရာကြီး"

"ကစားလို့ရမယ့် နည်းတော့ရှိတယ်"

တစ်ယောက်က ဆိုသည်။

"ဘယ်နည်းလဲ"

"ဂျော်နီဝါးကားပုလင်းနေရာမှာ အေမီကို ပေါက်မဲအဖြစ် ထားလိုက်ပေါ့ "

အေမီမြိုင်တို့လူသိုက် ရယ်ကြသည်။

ယင်းအချိန်တွင် ဘော်ဘီသည် ဂျော်နီဝါးကားပုလင်းကိုကြည့်ကာ အံတကြိတ်ကြိတ် ဖြစ်နေသည်။

"ယူဆီးဗီတာ။ ဂျော်နီဝါးကားပုလင်းလေ။ ရများရလိုက်ရင်တော့ ဒီညအဖို့ ပွဲတော်ကြီးပဲမင်"

ကျောင်းတွင် မောင်မောင်ဦး၏အမည်မှာ ဗီတာဖြစ်သည်။

"ငါလိုချင်တာတော့ ပုလင်းမဟုတ်ဘူး"

ဂျော့က ဆိုသည်။

"နို့ ဘာလဲ"

"ဒိုင်လူကြီးကို လိုချင်တာ"

"အိုး၊ ဂေါ့"

စောဝင်းဆွေက ကြားရသောစကားကြောင့် မျက်ဖြူဆိုက်သွားရဟန်ဖြင့် ဘုရားတရင်း ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်သည်။

မောင်မောင်ဦးတို့စကားကို အေမီမြိုင်တို့ ကြားပုံရသည်။ သူမတို့အုပ်စုထဲမှ ခပ်စွာစွာ မိန်းကလေးတစ်ယောက် ထွက်လာသည်။

"ဘာပြောတာလဲဟင်" ဒေါသဖြင့် မေးသည်။

"ဘာပြောလို့လဲ" ဘော်ဘီက အံ့အားသင့်သွားဟန်ဖြင့် ဆိုသည်။

"လိုချင်တာက ပုလင်းမဟုတ်ဘူး၊ ဒိုင်လူကြီးဆိုတာလေ"

"ဟုတ်လား၊ အဲလိုပဲ ပြောသလား"

"ဟုတ်တယ်။ အဲလိုပဲပြောတယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့ "

သည်တွင် စောဝင်းဆွေသည် "အီး၊ ဂေါ့" ဆိုကာ မျက်ဖြူဆိုက်ပြပြန်သည်။

မောင်မောင်ဦးတို့ ရယ်မောကြပြန်သည်။

"ဘာလာ စော်ကားတာလဲ"

"ဘာစော်ကားလို့လဲ"

"အခုပြောနေတာတွေ၊ အခုလုပ်နေတာတွေဟာ စော်ကားတာပေါ့"

"ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့"

သည်တစ်ကြိမ်တွင် စောဝင်းဆွေက "အိုး၊ ဂေါ့" လုပ်မည်ပြင်ခိုက် ပက်ထရစ်က ဝင်လုပ်ပြသဖြင့် ပွဲကျကြရပြန်သည်။ အေမီမြိုင်သည် သူ့လူနှင့် မောင်မောင်ဦးတို့လူသိုက် အချီအချဖြစ်နေပုံကို ကြည့်ကာ ခံပြင်းမိပုံတော့ရသည်။ သို့ပေမဲ့ ရယ်ချင်စိတ်က ပိုမိုများပြားနေဟန်တူသည်။ ပြုံးစိစိ ဖြစ်နေသည်။

"လာပါ ဒေစီ၊ မတန်တဲ့အကောင်တွေနဲ့ ဖက်ပြီး ပြောမနေစမ်းပါနဲ့"

အေမီမြိုင်တို့အဖွဲ့ထဲမှ မိန်းကလေးတစ်ယောက်က သူ့လူကိုသူ ပြန်ခေါ်သည်။

သည်တွင် ဂျော့က ဘုကြည့်ကြည့်ရင်း ဆိုသည်။ "အမိ စကားပြောတာ ကြည့်ပြောရင် ကောင်းမယ်ထင်တယ်"

"ကြည့်မပြောဘဲ ဘယ်လိုလုပ်ပြောလို့လဲ"

"မတန်တဲ့ကောင်တွေနဲ့ ဖက်မပြောနဲ့လို့ ပြောတယ်မဟုတ်လား"

"အင်း ပြောတယ် ဘာဖြစ်သလဲ"

"ဒါကြောင့် ကြည့်ပြောပါလို့ ပြောတာ။ ကျုပ်တို့ စကားပြောတာ ရိုးရိုးပါ။ ဘယ်မှာ ဖက်ပြောနေလို့လဲ"

သည်တစ်ချီတွင် မောင်မောင်ဦးတို့ရယ်နိုင်သလောက် အေမီမြိုင်တို့ မရယ်နိုင်။

"ခွေးရူးတွေနဲ့ ဖက်မကိုက်နဲ့ ဟေ့"

တစ်ယောက်က သတိပေးသည်။

"ဟုတ်တယ်။ ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ခွေးကောင်းပဲ နားရွက်ပဲ့တတ်တယ်။ ဟော့ဂျော့၊ ကြည့်စမ်း ငါ့နားရွက်ပဲ့သွားပြီထင်တယ်"

မခွပ်သာ ခွပ်သာ ပက်ထရစ်က ခွပ်လိုက်သေးသည်။ သူ့နားရွက်ကို လိုက်ပြနေရာ မောင်မောင်ဦးတို့လူသိုက် မဆိုထားနှင့် အေမီမြိုင်တို့ထံမှပင် ရယ်သံပေါ်လာသည်။

မောင်မောင်ဦးသည် အေမီမြိုင်ထံ တိုးလာသည်။

"မီးခြစ်ဆံတစ်ချောင်း ဘယ်လောက်လဲဟင်"

"တစ်ချောင်း တစ်ပဲ"

"ဈေးကြီးလိုက်တာ အပြင်မှာဆိုရင် မီးခြစ်တစ်ဘူးလုံးတောင် တစ်ပဲမပေးရဘူး"

"ဒါဖြင့် အပြင်မှာသွားဝယ်ပေါ့။ ဘာလို့လာမေးနေသေးသလဲ"

"အပြင်ကမီးခြစ်ဝယ်လာပြီး ဒီမှာလာကစားရင် ရသလား"

"ရပါလိမ့်မယ် အားကြီးကြီး"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

## ယဉ်ကျေးလိမ္မာအစပြု ဝစီကံယဉ်ကျေးမှု(၅)

**ဦးမင်းဟန်(ဘီအေ)**

ဘိုးလေးကြွက်၏ အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်၌ ဘိုးလေးကြွက်တစ်ဦးတည်းရှိနေသည်။ နှုတ်မှလည်း တတွတ်တွတ် ရွတ်ဆိုနေ၏။

“ဘိုးလေး ဘာတွေရွတ်ဆိုနေတာလဲ”

ပူစူးမ၏စကားကို ဘိုးလေးကြွက်က ပြုံးပြ နှုတ်ဆက်ရင်း နှုတ်ကလည်း တတွတ်တွတ်ဖြင့် ဆက်လက်ရွတ်ဆိုနေသည်။

“ရှူး”

မောင်ထူးက ပူစူးမကို တိတ်တိတ်နေပေးရန် နှုတ်ခမ်းတွင် လက်ညှိုးကပ်ထောင်ကာ အချက်ပြလိုက်သည်။

“ကဲကဲ လာကြလာကြ၊ မြေးတို့ရေ၊ အရပ်ရှစ်မျက်နှာမှာရှိတဲ့ သတ္တဝါတွေကို နံနက်ခင်းမှာ မေတ္တာပို့ပေးနေတာပါကွယ်”

“ဘိုးလေး ဒီနေ့မေတ္တာပို့တာ အသံမထွက်ဘူးနော်”

“ဟုတ်တယ်ကိုဦးရဲ့။ မြေးတို့သတိထားမိပ္ပါ့မလား တွေးနေတာ၊ မြေးက သတိထားမိသားပဲ။ ဒီနေ့ အသံမထွက်ဘဲ မေတ္တာပို့ရွတ်ဆိုနေတာက အကြောင်းရှိတယ်ကွဲ့”

“ဘာအကြောင်းများပါလဲ ဘိုးလေး”

“မြေးတို့နဲ့အတူ အသံထွက်ပြီး မေတ္တာပို့ပေးချင်လို့ပေါ့။ ဘယ်လိုလဲ လိုက်ဆိုကြမယ် မဟုတ်လား”

“ဟုတ်ကဲ့ပါ။ ဒါပေမယ့် ဘိုးလေးရဲ့ မေတ္တာပို့စာသားကို မြေးတို့မှမရသေးတာ”

“သြော်- ဟုတ်တာပေါ့။ ဘိုးလေးက မေတ္တာပို့စာသားကို ပြောပြမယ်။ မြေးတို့က ရေးမှတ်ထားပြီးတော့ လိုက်ဆိုကြတာပေါ့”

“ဟုတ်ကဲ့ ဘိုးလေး”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ပြိုင်တူပြန်ပြောကာ မှတ်စုစာအုပ်များကို အသင့်ပြင်ဆင်ကြသည်။

“အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ”

မေတ္တာပို့စာသားတို့ကို ပီပီသသ၊ အဖြတ်အတောက်မှန်မှန်၊ ပုံမှန်လေသံခပ်ဖြည်းဖြည်းဖြင့် ဘိုးလေးကြွက်၏ ရွတ်ဆိုသင်ပြပေးမှုကြောင့် မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ အမီလိုက်ရေးမှတ်နိုင်ကြခြင်းဖြစ်သည်။

“အရှေ့တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်းကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“လိုက်ရေးမှတ်လို့ အဆင်ပြေပါတယ်ဘိုးလေး”

မေတ္တာပို့စာသားများ လိုက်လံရေးမှတ်ရာ၌ အဆင်ပြေမှု ရှိ၊ မရှိကို ဘိုးလေးကြွက်က လက်မထောင်၍မေးမြန်းရာ ပူစူးမက ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။

“အနောက်တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“အနောက်မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

“ဘိုးလေးက ဖြည်းဖြည်းမှန်မှန်လေးပြောပြတော့ လိုက်ပြီးရေးမှတ်ရတာ အဆင်ပြေပါတယ်”

ကိုဦးကလည်း ဘိုးလေးကြွက်၏ လက်မထောင်၍ မေးမြန်းမှုကို ပြန်လည်ဖြေကြားလိုက်သည်။

“အရှေ့မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ”

ဘိုးလေးကြွက်က စကားအဆုံးမှာ ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။

“ကဲ- ဘိုးလေးပြောတာ မြေးတို့နားမရှင်းတာရှိလား။ ရေးမှတ်ရတာ အဆင်ပြေရဲ့လား”

“အဆင်ပြေပါတယ် ဘိုးလေး။ ရှင်းရှင်းလင်းလင်းလည်း ရှိပါတယ်”

မောင်ထူး ပြန်လည်ဖြေကြားမှုအား ကိုဦးနှင့် ပူစူးမတို့ကလည်း ထောက်ခံစကားဆိုကြသည်။

“အေးကွယ် အရပ်ရှစ်မျက်နှာမေတ္တာပို့စာသားတွေကို မြေးတို့ရေးမှတ်လိုက်ကြတော့ တစ်ခေါက်မှတ်မိသွားတာပေါ့။ ခုလိုနံနက်ခင်းမှာ မေတ္တာပို့စကားပြောတာ၊ မေတ္တာပို့စာတွေရွတ်ဆိုတာဟာ မင်္ဂလာရှိတာပေါ့။ မင်္ဂလာစကားဖြစ်တာပေါ့။ ယဉ်ကျေးသိမ်မွေ့တဲ့စကားလည်းဖြစ်တာပေါ့”

“ဟုတ်ကဲ့ပါ ဘိုးလေး” '

“မေတ္တာပို့စကားဟာ ကြမ်းတမ်းတဲ့စကားလား၊ ယုတ်ညံ့တဲ့စကားလား မြေးတို့ရဲ့”

“မင်္ဂလာရှိတဲ့စကား၊ ယဉ်ကျေးသိမ်မွေ့တဲ့စကားပါ”

ပူစူးမ၏ ပြန်ပြောစကားကို ဘိုးလေးကြွက်က သဘောကျစွာဖြင့် ပြုံးလိုက်ပြီး ဆက်ပြောသည်။

“အေးအေး- အဲဒါကိုပဲ ဘိုးလေးက ပြောချင်တာ။ ဒီနေ့မှာ မြေးတို့ကို ဖရုသဝါစာအကြောင်း ပြောဖို့ စဉ်းစားတဲ့အခါ ဖရုသဝါစာအဓိပ္ပာယ်ကို ဖော်ဆောင်တာက ကြမ်းတမ်းတဲ့စကား၊ ယုတ်ညံ့တဲ့စကားတွေကို ပြောဆိုတာဆိုတော့ အဲဒါတွေကို မပြောချင်တာနဲ့ မင်္ဂလာရှိတဲ့စကား၊ မွန်မြတ်တဲ့စကား၊ ယဉ်ကျေးသိမ်မွေ့တဲ့စကားတွေပဲ ပြောမယ်ဆိုပြီး မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရ ဘိဝံသ ကိုယ်တော်တိုင် မေတ္တာပွားများတဲ့ အရပ်ရှစ်မျက်နှာမေတ္တာပို့စကားကို အသံထွက်ကာ မေတ္တာပို့ရွတ်ဆိုကြဖို့ ပြောရတာပဲ။ မြေးတို့လည်း မှတ်သားရတာ တန်ဖိုးရှိတာပေါ့”

“ဟုတ်ကဲ့ မှတ်သားထားပ့ါမယ်ဘိုးလေး”

“အေးကွယ်- ဒါဆို ဘိုးလေးနဲ့အတူ မြေးတို့အားလုံး သံပြိုင်ရွတ်ဆိုမေတ္တာပို့လိုက်ကြရအောင်”

ဘိုးလေးကြွက်အပါအဝင် မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့၏ ညီညာပီသသော အရပ်ရှစ်မျက်နှာ မေတ္တာပို့ရွတ်ဆိုသံတို့မှာ နံနက်ခင်းလေနုအေးနှင့်အတူ သာယာနာပျော်ဖွယ်အတိဖြင့် ပျံ့နှံ့ တင့်တယ်နေလေသည်။

“သာဓုကွယ် - သာဓု၊ သာဓု။ မြေးတို့လည်း ကုသိုလ်တွေ ရသွားကြပြီပေါ့။ နေ့စဉ်အိပ်ရာဝင်၊ အိပ်ရာထအချိန်တွေမှာ ဘုရားရှင်ကိုအာရုံပြုပြီး ရွတ်ဆိုမေတ္တာပွားများကြပေါ့”

“ဟုတ်ကဲ့ပါ ဘိုးလေး။ နေ့စဉ်ရွတ်ဆိုပွားများဖို့ မြေးတို့ကတိပေးပါတယ်”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ ပြိုင်တူပြောလိုက်ကြသည်။

“လိမ္မာလိုက်ကြတာကွယ်။ မြေးတို့အားလုံး သက်ရှည်ကျန်းမာပြီး ပညာတတ်သူတော်ကောင်းတွေ ဖြစ်ကြပါစေကွယ်”

“ပေးတဲ့ဆုနဲ့ ပြည့်ဝရပါစေ”

“ပြည့်ဝပါစေကွယ်။ ဒါနဲ့ - ဝစီကံလေးပါးထဲက ဖရုသဝါစာရဲ့ အဓိပ္ပာယ်ကို ပြောကြည့်ပါဦးကွယ်”


“ဟုတ်ကဲ့ပါ ဘိုးလေး။ ကြမ်းတမ်းတဲ့စကား၊ ယုတ်ညံ့တဲ့စကားတွေ ပြောဆိုမှုကိုခေါ်တာပါ”

ပူစူးမတို့သုံးဦး၏ ညီညာစွာဖြင့်ပြောလိုက်သောစကားအဆုံးမှာ ဘိုးလေးကြွက်က ကြည်နူးကျေနပ်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်ပြောသည်။

“ဝမ်းသာတယ်ကွယ်။ မြေးတို့မှတ်မိနေကြပြီပေါ့။ အေးအေး- ဖရုသဝါစာအကြောင်းကို အဲ့လောက်မှတ်မိရင်ရပါပြီ။ ဘယ်လိုကြမ်းတမ်းတဲ့စကား၊ ဘယ်လိုယုတ်ညံ့တယ်ဆိုတဲ့ စကားမျိုးတွေကို ဖွင့်ဆိုပြောပြဖို့ဆိုတာကိုတော့ ထားလိုက်ပါတော့။ ဒါကြောင့်လည်း မြေးတို့နဲ့အတူ ဒီနေ့မှာ မွန်မြတ်တဲ့၊ မင်္ဂလာရှိတဲ့၊ ယဉ်ကျေးသိမ်မွေ့တဲ့ စကားတွေဖြစ်တဲ့ မေတ္တာပို့တာတွေကိုပဲ ရွတ်ဆိုပွားများ ကုသိုလ်ယူလိုက်ကြတာပေါ့”

“ဟုတ်ကဲ့ပါ၊ မြေးတို့မှတ်သားထားပ့ါမယ် ဘိုးလေး”

## မုသားရှောင်ခြင်း ယဉ်ကျေးမှု (၅)




“ကဲ ... မောင်အောင်ဘု၊ ဟိုအပတ်က ဘာဘပြောခဲ့တယ် မဟုတ်လား၊ ဗုဒ္ဓတို့ သားအဖအကြောင်းလေ”

“ဟုတ်ကဲ့ပါ . . ဘာဘ”

“အေး .. ဒါ အခု အရင်ပြောမယ်”

“ဒီလိုကွ ..... ဗုဒ္ဓက ကိုရင် ရာဟုလာကို မှန်အကြောင်းမေးတယ်။ ဒီတော့ ... ဘာဘက ကိုရင်ရာဟုလာ မပြောခင်မင်းတို့ အရင်ပြောရအောင် စ,မေးမယ် အားလုံး ဖြေနော်”

“ဟုတ်ကဲ့ပါ”

“ကဲ ... ဖြေ၊ မှန်ဆိုတာ ဘာလုပ်ရတာလဲ”

“အလှပြင်ရင် ကြည့်ရတာ”

“ခေါင်းဖြီးရင် ကြည့်ဖြီးတာ ...”

“ကိုယ့်မျက်နှာ လှမလှ ကြည့်တာ”

“အေး ... အေး မင်းတို့ပြောတာတွေ မှန်တယ်ကွ”

“အဘနှယ် ခင်စိန်မတို့ဆိုရင် ဖင်ကနောက်ကို ချိတ်နေအောင်လုပ်၊ ရင်ကို ကော့ပြီး မှန်ထဲပေါ်လာတဲ့ သူ့နောက်ကျောကိုတောင် လှမလှ ကတ်သီးကတ်သတ် ကြည့်သေးတာ”

“ဟဲ့ အောင်ဘုစုတ်၊ ငါလေ ဘာဘရှေ့မို့ မပြောလိုက်ချင်ဘူး၊ ဒီအကောင် ...

“ဟေ့ ... ဒီအကောင် မရှိဘူး၊ ငါမရှိ သူမရှိ ရုပ်နဲ့နာမ်ပဲရှိတာ”

“ဟေ ... အဲဒါ မင်းဘယ်သူပြောလဲ”

“အဘိုးတို့စကားဝိုင်းက ပြောသံကြားရလို့ မှတ်ထားတာ ဘာဘ”

“ ငါတော့ မင်းကို အထင်ကြီးသွားပြီကွ၊ မင်းတို့ အောင်ဘုပြောတာ မှတ်ထားနော်၊ ငါဆိုတာလည်း မရှိ၊ သူဆိုတာလည်း မရှိ၊ အမှန်က ရုပ်နဲ့နာမ်သာ ရှိတာ၊ ရုပ်နဲ့နာမ်ပေါင်းထားတာကို လူပဲ၊ နတ်ပဲ၊ ခွေးပဲ၊ ဝက်ပဲလို့ ခေါ်နေတာ၊ ကဲ ... အဲဒါတွေထား...”

“မင်းတို့က မှန်ဆိုတာ ဘာလုပ်ရမယ်ဆိုတာကို ပြောပြီးပြီ၊ ကိုရင်ရာဟုလာ ဖြေတာကိုလည်း မှတ်ထားဦး”

“ဗုဒ္ဓက မှန်ဆိုတာ ဘာလုပ်ရလဲလို့ မေးတော့ ကိုရင်ရာဟုလာက ...”

“ဗုဒ္ဓဘုရား လူ့မျက်နှာမှာ ပေါက်တဲ့ မှဲ့မည်းများ၊ ဝက်ခြံများကိုကြည့်ပြီး ဆင်ခြင်ရတဲ့အကျိုးရှိပါတယ်တဲ့၊ ကိုရင် ဖြေတာနော်”

“ဟုတ်ကဲ့ပါ”

“မင်းတို့လို အလှကြည့်ဖို့ ဆိုတာပါလား”

“မပါဘူး ... ဘာဘ”

“အဲလို ဖြေတော့ ..... ဗုဒ္ဓမြတ်စွာက မှန်ကို သာဓကပြပြီး ဆုံးမတယ်လေ၊ ဆုံးမပုံအချုပ်က သားတော် ရာဟုလာ၊ မှန်လိုပဲပေါ့၊ ကိုယ်လုပ်မယ့် အလုပ်တစ်ခုခုဟာ ကိုယ်ရော၊ သူရောဆင်းရဲဒုက္ခဖြစ်စေမှာလား၊ ဒုက္ခတွေပွားပြီး အကုသိုလ်ဖြစ်စေနိုင်မှာလားလို့ ဉာဏ်မျက်စိနဲ့ကြည့်တဲ့။ အဲလို ... ကြည့်တဲ့အခါမှာ ကိုယ်ရော၊ သူရော ဒုက္ခဖြစ်မယ်၊ အကုသိုလ်ဖြစ်မယ်ဆိုရင် အဲဒီအလုပ်ကိုမလုပ်နဲ့၊ အဲဒီ အပြောမျိုးကို မပြောနဲ့၊ အဲဒီအကြံမျိုးကို မကြံနဲ့တဲ့”

“တကယ်လို့ ကိုယ်လုပ်မယ့်အလုပ်၊ ကိုယ်ပြောမယ့်စကား၊ ကိုယ်ကြံတဲ့ အကြံအစည်ဟာ ကိုယ်ရောသူရော ချမ်းသာမယ်၊ ကုသိုလ်ဖြစ်မယ်ဆိုရင် လုပ်ဖြစ်အောင်လုပ်၊ ပြောဖြစ်အောင်ပြော၊ ကြံဖြစ်အောင်ကြံတဲ့၊ ဒါဟာ မလုပ်ခင်၊ မပြောခင်၊ မကြံခင်က ကိုယ့်ဉာဏ်နဲ့ ဆင်ခြင်ကြည့်ရမှာနော်၊ ကြားလား”

“ဟုတ်ကဲ့ပါ... ဘာဘ”

“အဲ ... လုပ်နေဆဲ၊ ပြောနေဆဲ၊ ကြံနေဆဲ တန်းလန်းမှာလည်း အခုလိုပဲ မှန်ကြည့်သလို ဉာဏ်မျက်စိနဲ့ ကြည့်တဲ့၊ ဒုက္ခဖြစ်စေမယ်၊ အကုသိုလ်ဖြစ်စေမယ်ဆိုရင် ရပ်ပစ်လိုက်။ သုခဖြစ်စေမယ်၊ ကုသိုလ်ဖြစ်စေမယ်ဆိုရင် ပြီးအောင်သာ လုပ်ပေတော့၊ ပြောပေတော့၊ ကြံပေတော့တဲ့။ ဒါဟာလုပ်နေဆဲတန်းလန်းမှာဆိုတော့ ပစ္စုပ္ပန်ခေါ်တာပေါ့၊ နောက်တစ်ချက်က လုပ်ပြီးမှဆိုရင်တော့၊ ပြောပြီးမှဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ အလုပ်၊ ပြောခဲ့တဲ့ စကားတွေကို ဘုရားထံမှာ၊ ဒါမှမဟုတ် သိကြားလိမ္မာတဲ့ သီတင်းသုံးဖော်အထံမှာ၊ ဒါက သာသနာ့ဘောင်မှာဆိုရင် သီတင်းသုံးဖော်ပေါ့။ **စာမျက်နှာ ၂၁ သို့** ○

# ရဲရင့်သူတို့၏သတ္တိ

## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(ယခင်အပတ်မှအဆက်)

"ဟုတ်လိုက်လေဘုရား၊ မှန်လိုက်လေ၊ အရှင်ဘုရားက တပည့်တော်ရဲ့ စိတ်ကို သိလို့ပြောနေတာလား ဘုရား"

"ဘယ်သိမလဲ ဒကာမကြီး၊ သူများ စိတ်ကို အဲဒီလိုမသိပါဘူး၊ ဒါပေမယ့် ကိလေသာရှိနေကြတဲ့ သတ္တဝါတိုင်းမှာ ကိလေသာကခိုင်းလို့ လုပ်ပေးတဲ့ ဝီရိယတွေလည်း ရှိနေတယ်လို့ ဘုရားဟော အရသိထားလို့သာ ပြောပြပေးတာပါ"

"တကယ် ဟုတ်နေတယ်နော် ဘုရား"

"အဲဒါကြောင့် ပြောပေးရတာပေါ့။ ကိုယ့်စိတ်လေး ကိုယ်ပြန်ကြည့်ပါဆိုတာ ဒီသဘောတွေကို သိလာအောင် ပြောတာ၊ ဒီလိုမှမသိရင် ဒီလောက်လေးမှမသိရင် ကိလေသာကိုနိုင်တဲ့ ဝီရိယတွေဖြစ်လာအောင် ဘယ်လို အားထုတ်နိုင်ပါတော့မလဲ၊ ကိလေသာခိုင်းလို့ လုပ်တဲ့ဝီရိယနဲ့သာ အချိန်ကုန်ပြီပေါ့"

"အဲဒီလိုပါပဲ၊ ဝေယျာဝစ္စ အလုပ်လုပ်တော့မယ်ဆိုရင် ကိုယ်လုပ်သင့်တဲ့ ကုသိုလ်မို့ ကုသိုလ်ဖြစ်ဖို့ ကောင်းတဲ့ စိတ်ဖြစ်ဖို့သက်သက်၊ ရည်ရွယ်ချက်နဲ့ လုပ်သင့်တာပေါ့။ အခုတော့ ခိုင်းလို့ လုပ်တဲ့ ဝေယျာဝစ္စ၊ မကောင်းတတ်လို့ လုပ်တဲ့ ဝေယျာဝစ္စ၊ နောက် ဒီလိုလုပ်ပေးရင် ငါတော့ ဘာအခွင့်အရေးရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့လုပ်တဲ့ ဝေယျာဝစ္စတွေပဲ များနေကြတယ်၊ အဲဒါတွေဟာ ကိလေသာဘက်ပါတဲ့ ဝီရိယတွေပေါ့"

"အဲဒီလောက်ထိ သိလာတော့ တော်တော်ကို ကိလေသာက ကြောက်စရာကောင်းတာနော် ဘုရား"

"ဟုတ်တယ် ဒကာမကြီး ဟုတ်တယ်၊ တကယ်တန်းက ကိလေသာကိုကြောက်ရမှာပါ၊ ဒါနတွေ ဝေယျာဝစ္စတွေဖြစ်ဖို့ကတော့ ဂရုစိုက်ရမှာပါ၊ ကုသိုလ်တွေလုပ်မိဖို့တော့ မျက်ခြည်ပြတ်လို့ မဖြစ်ပါဘူး"

"ဒါပေမယ့် တချို့က ကိလေသာနဲ့ ကိလေသာကခိုင်းခံရတဲ့ ဝီရိယကို ကွဲကွဲပြားပြား မမြင်နိုင်ကြတော့ တော်ပြီ၊ ဒါန မလှူတော့ဘူး၊ ဝေယျာဝစ္စတွေမလုပ်တော့ဘူး၊ သီလတွေ မစောင့်တော့ဘူး၊ တရားလည်း အားမထုတ်တော့ဘူးလို့ စိတ်ပျက်လက်ပျက်နဲ့ ကုသိုလ်တွေကို ရှောင်လာကြတယ်၊ အဲဒါ ကိလေသာရဲ့အစွမ်းပေါ့၊ ဟုတ်တာ၊ မှန်တာ၊ ကောင်းတာတွေကို လုပ်ဝံ့တဲ့ ဝီရိယတွေ ပျောက်သွားပြီး မဟုတ်မမှန် မကောင်းတာတွေကို လုပ်ဝံ့တဲ့ ဝီရိယတွေ ရောက်လာတော့တာပေါ့"

"အဲဒီဝီရိယတွေဟာ ကြိုးစားတယ်၊ အားထုတ်တယ်၊ လုံ့လစိုက်တယ်၊ ဝီရိယရှိတယ်ဆိုပေမယ့် ကိလေသာကို မနိုင်ပါဘူး၊ ကိလေသာကို လောင်ကျွမ်းပြာကျစေတဲ့ အာတာပီ ဝီရိယတော့ လုံးဝမဟုတ်ပါဘူး"

"အော် တပည့်တော်မတို့ရဲ့ ကုသိုလ်ဆိုရင် အကြောင်းအမျိုးမျိုးပြပြီး ဟိုရှောင် ဒီရှောင်လုပ်တာ ကိလေသာပေါ့နော် ဘုရား"

"ဟာ ဟုတ်တာပေါ့၊ ဒကာမကြီး"

"ဒါဖြင့် အာတာပီဆိုတဲ့ ဝီရိယ အကြောင်းနဲ့ ဝီရိယဖြစ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ ဆက်ပြီး မိန့်ပါဦးလား ဘုရား"

"ကဲ ကဲ ပြောကြပါစို့၊ ကိလေသာကို လောင်မြိုက်ပူပန်စေတတ်တဲ့ အာတာပီ ဝီရိယက ဘယ်အချိန်မှာ ဘယ်လို လောင်မလဲဘုရားလို့မေးရင် ကိလေသာက ဘယ်အချိန်မှာ စိတ်ကို ဘယ်လို လောင်နေသလဲဆိုတာက စပြီးပြောကြပါစို့"

"ကိလေသာက လောဘ၊ ဒေါသ၊ မောဟ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စတာတွေက လိုချင်ပြီး ပျာယာခတ်မှု၊ အလိုမကျလို့ တင်းကျပ်မှု၊ မရေမရာရှိမှု၊ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်မှု၊ ကိုယ်ထင်ရာ ဦးစားပေးမှု၊ အမှား အမှန် မဝေဖန်နိုင်မှု စတာတွေဟာ လူတွေရဲ့စိတ်ကို အချိန်မရွေး ဒုက္ခပေးနေကြပါတယ်၊ လောင်မြိုက်နေကြပါတယ်။ စိတ်ကလေးကို အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း နေခွင့်မပေးကြပါဘူး၊ တစ်မျိုးမဟုတ် တစ်မျိုးကတော့ ပူအောင်ရှို့နေကြပါတယ်"

"ဟုတ်ပါတယ်ဘုရား"

"ဒီ အချိန်မရွေး လောင်နေတဲ့ ကိလေသာကို မလောင်နိုင်အောင်၊ မဝင်နိုင်အောင်၊ မဖြစ်နိုင်အောင် လုပ်နိုင်တဲ့ အာတာပီ ဝီရိယအစစ်ဆိုရင် အချိန်မရွေးရှိနေရမယ်၊ အချိန်မရွေး အမြဲတမ်း ကိလေသာကို ပြန်ရှို့နိုင်ရမယ်၊ ငြိမ်းနိုင်မယ်၊ ဒီဝီရိယဟာ မိမိတို့ရဲ့ စိတ်မှာ အမြဲရှိနေရမယ်"

"မှန်ပါဘုရား"

"အဲ.. ဒါပေမယ့် ဒီဝီရိယကို အကြမ်းဖျင်းလေးမျိုး ပြောကြဦးစို့၊ အဲဒီလေးမျိုးကွဲပြားရတာကလည်း ကိလေသာဖြစ်နေတဲ့ အကုသိုလ်စိတ်နဲ့ ကိလေသာမဖြစ်တဲ့ ကုသိုလ်စိတ်လို့ နှစ်မျိုးကွဲပြားလို့ပါ၊ ဒီအကုသိုလ် ကုသိုလ်စိတ်နှစ်မျိုးမှာလည်း အကုသိုလ်စိတ်မဖြစ်ခင်၊ ဖြစ်မလာအောင် ကြိုးစားတဲ့ အာတာပီဝီရိယ သမ္မပ္ပဓာန် လုံ့လ၊ နောက်အကုသိုလ်စိတ်ဖြစ်နေရင် ချက်ချင်းရပ်သွားအောင် ငြိမ်းသွားအောင်ကြိုးစားတဲ့ အာတာပီ ဝီရိယ သမ္မပ္ပဓာန်လုံ့လ၊ နှစ်မျိုးပေါ့"

"ကုသိုလ်စိတ်နဲ့ ပတ်သက်ပြီးတော့လည်း မဖြစ်လာသေးတဲ့ ကုသိုလ်စိတ်နဲ့ ဖြစ်လာအောင်ကြိုးစားတဲ့ အာတာပီ ဝီရိယ သမ္မပ္ပဓာန်လုံ့လ၊ ဖြစ်နေတဲ့ ကုသိုလ်စိတ်ကို ဆက်ကာဆက်ကာ ထပ်ကာထပ်ကာ ဖြစ်နေနိုင်အောင် ကြိုးစားတဲ့ အာတာပီဝီရိယ သမ္မပ္ပဓာန် လုံ့လလို့ နှစ်မျိုးရှိတယ်၊ ပေါင်းလိုက်တော့ လေးမျိုးပေါ့"

"အရှင်ဘုရား ပြောတာတွေကို သိသလိုလိုပါပဲ။ ဒါပေမယ့် မမှတ်မိလိုက်ဘူး ဘုရား၊ ပြန်ပြီးမိန့်ပါဦး"

"အင်း... ဟုတ်သားပဲလေ၊ စာသံပေသံတွေ ပါသွားလို့နဲ့တူတယ်၊ ကဲ ကဲ ... ဒီလိုပြန်ပြီး တစ်မျိုးပြောပေးမယ်၊ စိတ်ညစ်ဖူးတယ်မဟုတ်လား"

"မှန်ပါ၊ ညစ်ဖူးပါတယ်ဘုရား"

"အဲဒီညစ်ဖူးတဲ့ စိတ်လေးမဖြစ်လာခင် ဖြစ်လာတော့မယ်ဆိုရင် အဖြစ်မခံရအောင်နေနိုင်တဲ့ ဝီရိယ သတ္တိ၊ နောက်စိတ်ညစ်နေတဲ့အခါ ဖြစ်ကြောမရှည်ဘဲ တတ်နိုင်သမျှ ချက်ချင်းဆိုသလို ရပ်ပစ်နိုင်တဲ့ ဝီရိယသတ္တိ၊ ဘယ်နှမျိုး ရှိပြီလဲ"

"နှစ်မျိုးပါဘုရား"

"စိတ်ညစ်တာနဲ့ပတ်သက်လို့ နှစ်မျိုး၊ နောက် စိတ်ကြည်လင်တာနဲ့ပတ်သက်လို့ စိတ်ကြည်မှု မရှိသေးရင် မဖြစ်သေးရင် ရှိအောင်၊ ဖြစ်အောင်လုပ်ဝံ့တဲ့ သတ္တိ၊ လုပ်နိုင်တဲ့သတ္တိ၊ နောက်စိတ်လေး ကြည်နေပြီဆိုရင် ထပ်တလဲလဲဆိုသလို အမြဲတမ်း ကြည်နေနိုင်အောင်လုပ်စွမ်းနိုင်တဲ့ ကြိုးစားမှု ဝီရိယသတ္တိ၊ ပေါင်းလေးမျိုးပေါ့"

"မှန်ပ့ါ လေးမျိုးပါဘုရား၊ အဲဒီလေးမျိုးကိုတော့ တစ်ပြိုင်တည်း ဘယ်လုပ်လို့ရမလဲ၊ လုပ်လို့ရပ့ါမလား ဘုရား"

"ဘယ်ရမလဲ ဒကာမကြီး၊ သူ့အခိုက် သူ့အချိန် သူ့အခြေအနေပေါ်မူတည်ပြီး လေးမျိုးထဲက တစ်မျိုးမျိုးနဲ့ ကိလေသာ စိတ်ညစ်မှုတွေကို အဖြစ်မခံတာပေါ့။ အမှန်ကတော့ ဝီရိယသတ္တိ တစ်မျိုးတည်းပါပဲ၊ အခြေအနေနဲ့ အချိန်အခါပေါ် မူတည်ပြီးသာ လေးမျိုးဖြစ်တာပါ။ အခုပြောခဲ့တဲ့လေးမျိုးထဲက ဘယ်ဝီရိယပဲ ရှိနေနေ ကိလေသာတွေ ဝင်မလာနိုင်ပါဘူး၊ ပူလွန်းလို့ ကိလေသာစိတ်တွေ တွန့်ဆုတ်၊ လိမ်ကောက်ပြီး နောက်ဆုံး ကုန်သွားနိုင်ပါတယ်"

"အော် ဒီလိုကိုး ဘုရား၊ တပည့်တော်တို့က ဝီရိယရှိတယ်ဆိုတာ တစ်နာရီ၊ နှစ်နာရီ ထိုင်နိုင်မှ ကြာကြာထိုင်နိုင်မှ မလှုပ်တမ်းထိုင်နိုင်မှလို့ ထင်ခဲ့တာပါဘုရား"

"အခုတော့ ကိလေသာကိုတောင် လောင်နိုင်တဲ့ အာတာပီဝီရိယကို သဘောပေါက်ပြီပေါ့။ သူ့ကိုသာ အားအစွမ်းကောင်းအောင် ကြိုးစားပေးပေါ့"

"အာတာပီဝီရိယကို သဘောပေါက်ပါပြီဘုရား၊ ဒါပေမယ့် ဒီဝီရိယ အားအစွမ်းကောင်းအောင် ဘယ်လို လုပ်ရမလဲဘုရား"

"အဲ.. အဲဒါကတော့ အရင်တစ်ခါကလည်း ဒကာကြီးနဲ့ သူ့မိတ်ဆွေ တရားသမားတစ်ယောက် လာမေးဖူးတယ်၊ သူတို့ကိုပါ ခေါ်လာခဲ့ပေါ့။ အဲဒီကျမှ ရှင်းပြပေးမယ်လေ"

"ဟင်... အရှင်ဘုရားကလည်း နည်းနည်းလေးလောက်တော့ ပြောပြပါဦး ဘုရား၊ တပည့်တော်မ သိချင်လွန်းလို့ပါ"

"ကဲ ဒီလိုဆို နည်းနည်းပြောမယ်၊ တစ်ယောက်ဆိုလူသေ၊ နှစ်ယောက်ဆိုလူရှင်၊ သုံးယောက်ပေါင်းလောင်းကျော်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးပါတယ်ဘုရား"

"အေး – အဲဒီလိုဆိုရင် ဝီရိယက သူ့အပေါင်းအသင်းတွေနဲ့ အတူတကွ ပေါင်းနိုင်မှ သုံးယောက်ပေါင်းလောင်းကျော် အားအစွမ်းတွေကောင်းလာနိုင်တယ်လို့ပဲ မှတ်ထားလိုက်ပါ"

"ဟင် ဒီလောက်ပဲလား ဘုရား"

■

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိ စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

---

❍ စာမျက်နှာ ၂၀ မှ

တို့လူ့ဘဝမှာဆိုရင် မိဘဆရာသမားတို့၊ အသက်သိက္ခာကြီးသူတို့ စသဖြင့်ပေါ့ကွာ၊ တစ်ဦးဦးထံမှာ ကိုယ်အလုပ်မှားတာကို၊ အပြောမှားခဲ့တာကို တင်ပြပြီး မှားကြောင်း ဝန်ခံ၊ နောင်မလုပ်မိ၊ မပြောမိအောင် စောင့်စည်းရမယ်တဲ့"

"အဲ ကိုယ်ကြံစည်တာက အမှားဖြစ်နေမယ်၊ ကိုယ်လည်း ဒုက္ခဖြစ်၊ သူများလည်း ဒုက္ခဖြစ်စေမယ်ဆိုရင် ဒီအကြံကို ငြီးငွေ့ရမယ်၊ ရှက်နိုးရမယ်၊ စက်ဆုပ်ရွံရှာရမယ်၊ နောင် မကြံဖြစ်အောင် စောင့်ထိန်းရမယ်တဲ့"

"အေး ... တစ်ခုတော့ရှိတယ်။ ကိုယ့်အကြံက ကိုယ်လည်း ချမ်းသာနိုင်၊ ကုသိုလ်ရနိုင်၊ သူတစ်ပါးလည်း ချမ်းသာနိုင်မယ်၊ ကုသိုလ်ရနိုင်မယ်ဆိုရင်တော့ နေ့နေ့ညည အဲဒီကုသိုလ်နဲ့စပ်ပြီး နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်ကာ သိက္ခာသုံးပါး၊ ကိုယ်ကျင့်တရားကို ဆက်လက် အားထုတ်ပေတော့" "ချစ်သားရာဟုလာ၊ ရှေးရှေးသော ဘုရားစတဲ့ သူတော်ကောင်းတွေဟာ အခုလိုလည်း ဉာဏ်နဲ့ ဆင်ခြင်ကြည့်ပြီးမှ ကိုယ်လုပ်တဲ့အလုပ်၊ ကိုယ်ပြောတဲ့အပြော၊ ကိုယ်ကြံတဲ့အကြံကို စင်ကြယ်အောင် လုပ်ခဲ့ကြတယ်"

" ဒါကြောင့်မို့ ဘာမဆို ဉာဏ်နဲ့ ဆင်ခြင်ပြီးမှ လုပ်ပါ။ ကြံပါလို့ ဆုံးမလိုက်တယ်"

" ဒီတော့ ... ဟိုမောင်အောင်ဘု ပြောစမ်း၊ ဟိုတစ်ခါ မင်း ဖုန်တွေကို ခြေနဲ့မခတ်ဘူးလား"

"ခတ်ပါတယ် ... ဘဘ"

"ဒီတုန်းကများ အခုလို ဆင်ခြင်ကြည့်ရင် ဘယ်ခတ်ဖြစ်မလဲ "

"ခုတော့ သူရော မင်းတို့ရော ဖုန်တွေ၊ အသက်ရှူကျပ်နဲ့ ဒုက္ခမဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘဘ"

"ပေတော့ ဟိုထွေးငယ်မဆိုသူတွေက မဆဲဘူးလား"

"ဆဲပါတယ် ... ဘဘ"

"အောင်ဘုကကော" "ပြန်ဆဲပါတယ် ဘဘ"

"ဆဲတာက အကုသိုလ်လား၊ ကုသိုလ်လား"

"အကုသိုလ်ပါ ဘဘ" "အေး ... ဒေါသ အကုသိုလ်ပဲပေါ့"

"ဒါကို မခတ်ခင်က ကိုယ်ရော၊ သူရော ဒုက္ခဖြစ်မှာ၊ အကုသိုလ်ဖြစ်မှာကို ဆင်ခြင်မိရင် လုပ်ပါဦးမလား"

"မလုပ်ဖြစ်တော့ပါ... ဘဘ"

"အဲ ... ဟုတ်ပ့ါ၊ ဒ့ါကြောင့် ဒီနေ့ကစပြီး မျက်နှာမှာ အပြစ်ရှိ၊ မရှိ မှန်နဲ့ကြည့်ပြီး ဆင်ခြင်ရသလို ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်အကြံတို့ကိုလည်း ဉာဏ်မျက်စိမှာ အပြစ်ရှိ၊ မရှိ ကြည့်တတ်အောင် လေ့ကျင့်ထားကြပေတော့ဗျာ"

■

# မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး မြန်မာနှင့်စကောကရင် နှစ်ဘာသာဖြင့် အသိပညာပေးနှိုးဆော်မှုများ ဆက်လက်ဆောင်ရွက်



မြဝတီ နိုဝင်ဘာ ၉

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ယနေ့ နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံနေရာများတွင် အသိပညာပေး နှိုးဆော်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်မှုကို မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယခုကဲ့သို့ နေ့စဉ် အသိပညာပေးလိုက်လံနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါစနစ်တကျ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရပ်ကွက်နှင့်ကျေးရွာများတွင် လှည့်လည်အသိပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## အနုပညာ

### ဂျီဆူးနဲ့ ဂျန်ဟယ်အင်တို့ရဲ့ ရုပ်ရှင်သစ် စတင်ပြသမယ့်ရက်ကြေညာ


တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဆူးနဲ့ မင်းသား ဂျန်ဟယ်အင်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Snowdrop စတင်ပြသမယ့်ရက်ကို လတ်တလောမှာ ကြေညာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၉ ရက်မှာ အဆိုပါ ရုပ်ရှင်သစ်အတွက် ပိုစတာခတ်ပုံတစ်ပုံကို ထုတ်ဖော်ပြသခဲ့ပြီး အဆိုပါ ခတ်ပုံနဲ့အတူ ရုပ်ရှင်စတင်ထုတ်လွှင့်မယ့်ရက်ကိုလည်း အသိပေးခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲကို လာမယ့်ဒီဇင်ဘာ ၁၈ ရက်မှာ စတင်ထုတ်လွှင့်မှာပါ။



JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်မယ့် အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ၁၉၈၇ ခုနှစ်ကာလက ဆိုးလ်မှာရှိတဲ့ တက္ကသိုလ်ကျောင်းသားတွေရဲ့ အချစ်ဇာတ်လမ်းကို ပုံဖော်ထားတာဖြစ်ပါတယ်။

### Spider-Man ရုပ်ရှင်သစ်အတွက် ပိုစတာထုတ်ဖော်ပြသ



လူစွမ်းကောင်းရုပ်ရှင်ဖြစ်တဲ့ ပင့်ကူလူသားရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်အတွက် ပထမဆုံးသော ပိုစတာခတ်ပုံကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ အဆိုပါခတ်ပုံမှာ ဒေါက်တာအော်တိုပက်စ်နဲ့ ဗီလိန်တစ်ဦးဖြစ်တဲ့ ဂရင်းဂေါ်ဘလင်တို့လည်း ပါဝင်နေတာတွေ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Spider-Man: No Way Home လို့ အမည်ရတဲ့ အဆိုပါရုပ်ရှင်သစ်မှာ ပင့်ကူလူသား ပီတာပါကာအဖြစ် မင်းသား တွမ်ဟော်လန်က ပါဝင်သရုပ်ဆောင်ထားပြီး မင်းသမီးအဖြစ် ဇန်ဒါယာ ပါဝင်သရုပ်ဆောင်ထားတာပါ။ ယင်းရုပ်ရှင်သစ်မှာ ဗီလိန်ဇာတ်ကောင်တွေလည်း စုံလင်စွာ ပြန်လည်ပါဝင်လာတာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်သစ်ကို လာမယ့် ဒီဇင်ဘာ ၁၇ ရက်မှာ စတင်ရုံတင်မှာဖြစ်တယ်လို့ သိရပါတယ်။

### ဝိန်းဂျွန်ဆင်ကို Fast & Furious 10 မှာ ပါဝင်ဖို့ ဖိတ်ခေါ်လိုက်တဲ့ ဗင်ဒီဇယ်

အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်တဲ့ Fast & Furious ရုပ်ရှင်တွေမှာ တွဲဖက်ပါဝင်ခဲ့တဲ့ မင်းသားတွေဖြစ်ကြတဲ့ ဝိန်းဂျွန်ဆင်နဲ့ ဗင်ဒီဇယ်တို့ဟာ ပြီးခဲ့တဲ့ နှစ်တွေအတွင်း ဆက်ဆံရေးအဆင်မပြေမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာ ဗင်ဒီဇယ်က Fast & Furious 10 မှာ ဝိန်းဂျွန်ဆင်ကို ပါဝင်သရုပ်ဆောင်ပေးဖို့အတွက် သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖိတ်ခေါ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဝိန်းဂျွန်ဆင်နဲ့ ဗင်ဒီဇယ်တို့ဟာ ၂၀၁၁ ခုနှစ်အတွင်းထွက်ရှိခဲ့တဲ့ ငါးကားမြောက် Fast & Furious ရုပ်ရှင်မှစတင်ပြီး အတူတွဲဖက်ပါဝင်ခဲ့တာပါ။ အတွဲညီလှတဲ့ သူတို့နှစ်ဦးကို ပရိသတ်တွေကလည်း အားပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၀၁၆ ခုနှစ်အတွင်း ဝိန်းဂျွန်ဆင်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဗင်ဒီဇယ်ကို ရည်ရွယ်ရေးသားထားတယ်လို့ သိနိုင်တဲ့ စာသားအချို့ရေးသားကာ သူတို့နှစ်ဦး ဆက်ဆံရေးအဆင်မပြေဖြစ်နေတာကို လှစ်ဟပြခဲ့ပါတယ်။ သူရေးသားဖော်ပြခဲ့တဲ့ စာသားတွေကို နောက်ပိုင်းမှာ ပြန်လည်ဖျက်ပစ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ Fast & Furious 8 မှာ သူတို့နှစ်ဦး အတူတွဲကာ ရိုက်ကူးထားတဲ့ဇာတ်ဝင်ခန်းတွေ ပါဝင်ခဲ့ခြင်းမရှိတာ တွေ့ရပါတယ်။

လတ်တလောမှာ ဗင်ဒီဇယ်က Fast & Furious 10 မှာ ဝိန်းဂျွန်ဆင်ကို ပါဝင်သရုပ်ဆောင်ပေးဖို့အတွက် လူသိရှင်ကြားဖိတ်ခေါ်ခဲ့တာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာ ဝိန်းဂျွန်ဆင်က သူ့အနေနဲ့ Fast & Furious ရုပ်ရှင်သစ်မှာ ပါဝင်မှာ မဟုတ်ဘူးလို့ဆိုခဲ့ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးအကြား ဆက်ဆံရေး အဆင်ပြေကာ ရုပ်ရှင်သစ်မှာ အတူတွဲဖက်မြင်တွေ့ရဖို့အတွက် ပရိသတ်တွေကတော့ မျှော်လင့်နေတာ ဖြစ်ပါတယ်။



### ထရားဗစ်စကော့က သူ့ရဲ့ဖျော်ဖြေပွဲမှာ သေဆုံးခဲ့ရတဲ့ ပရိသတ်တွေအတွက် အသုဘစရိတ်ပေးမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ထရားဗစ်စကော့ရဲ့ လတ်တလောပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲမှာ လာရောက်ကြည့်ရှုသူ ပရိသတ်များစွာ ဒဏ်ရာရခဲ့ပြီး ရှစ်ယောက်သေဆုံးခဲ့ပါတယ်။ သူ့ရဲ့ဖျော်ဖြေပွဲမှာ ကွယ်လွန်ခဲ့တဲ့ ပရိသတ်တွေအတွက် အသုဘစရိတ်ကို ထရားဗစ်စကော့က ကျခံပေးမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Astroworld Festival လို့ အမည်ပေးထားတဲ့ ထရားဗစ်စကော့ထ်ရဲ့ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၅ ရက်က တက္ကဆက်ပြည်နယ် ဟူစတန်မြို့မှာရှိတဲ့ အန်အာဂျီပန်းခြံမှာ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါဖျော်ဖြေပွဲအတွင်း လူအများတိုးဝှေ့ခဲ့ကြရာမှာ လူအုပ်ပြိုမှု ဖြစ်ပွားခဲ့ပြီး လူများစွာ ထိခိုက်ဒဏ်ရာရခဲ့ကာ ရှစ်ဦးသေဆုံးခဲ့ပါတယ်။ ယင်းဝမ်းနည်းဖွယ်အဖြစ်အပျက်အတွင်း ကွယ်လွန်ခဲ့ကြတဲ့ ပရိသတ်တွေရဲ့ နာရေးအတွက် ကုန်ကျငွေကို ထရားဗစ်စကော့က ကျခံပေးမှာဖြစ်ကြောင်း သိရပါတယ်။ ■

အေးပြည့်
စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မိတ္ထီလာဒေသသို့ ယခုနှစ်ဆောင်းရာသီတွင် ဆောင်းခိုငှက်များ ယခင်နှစ်များထက် ပိုမိုလာရောက်နိုင်



**မိတ္ထီလာ နိုဝင်ဘာ ၉**

မိတ္ထီလာဒေသသို့ ဆောင်းရာသီကာလတွင် နှစ်စဉ်လာရောက်ကြလေ့ရှိသည့် ဆောင်းခိုငှက်များ ယခုနှစ် ဆောင်းရာသီကာလတွင် ယခင်နှစ်များထက် ပိုမိုလာရောက်နိုင်ကြောင်း ဆောင်းခိုငှက်များ လာရောက်မှုကို နှစ်စဉ်စောင့်ကြည့်လေ့လာသည့် ဒေသခံငှက်ကြည့် ဝါသနာရှင်များထံမှ သိရသည်။

“မိတ္ထီလာဒေသကို ဆောင်းရာသီကာလရောက်တိုင်း လာရောက်လေ့ရှိကြတဲ့ ဆောင်းခိုငှက်တွေ ဒီနှစ်ဆောင်းရာသီကာလမှာ ပိုမိုလာရောက်နိုင်ပါတယ်။ မိုးရာသီ နှောင်းပိုင်းကာလမှာ မိုးရွာသွန်းမှုကောင်းတဲ့အတွက် မိတ္ထီလာကန်ရေပြည့်နေတဲ့အနေအထားရှိတာမို့ ဆောင်းခိုငှက်တွေ ပိုမိုလာရောက်နိုင်တယ်လို့ ခန့်မှန်းလို့ရတာပါ။ မိတ္ထီလာကန် ရေပြည့်တဲ့အနေအထားက သုံးနှစ်ခြားတစ်ကြိမ်၊ လေးနှစ်ခြားတစ်ကြိမ်လောက်ဖြစ်တယ်။ ကန်ရေပြည့်တဲ့နှစ်တိုင်း ဆောင်းခိုငှက်တွေက သူတို့အမြဲတမ်းလာရောက်ကျက်စား ဆောင်းခိုလေ့ရှိတဲ့ မိတ္ထီလာကန်အနီးတစ်ဝိုက်မှာ ပုံမှန်နှစ်တွေထက် ပိုမိုလာရောက်ကြတာတွေ့မြင်ရပါတယ်”ဟု နန်းတော်ကုန်းရပ်ကွက်နေ ငှက်ကြည့်ဝါသနာရှင် ကိုဇော်ထွန်းက ပြောသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻

## ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် ပေါ့ဘာ ပြင်သစ်အသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များ လွဲချော်မည်

မန်ယူအသင်းကွင်းလယ်ကစားသမား ပေါ့ဘာဟာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် ပြင်သစ်အသင်း ယှဉ်ပြိုင်ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်မှာမဟုတ်ဘဲ လွဲချော်ရတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။



အသက် ၂၈ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ နိုဝင်ဘာ ၈ ရက်မှာ ပြုလုပ်ခဲ့တဲ့ ပြင်သစ်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ပေါင်ဒဏ်ရာရရှိခဲ့တာဖြစ်တယ်လို့ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့ပါတယ်။

ဒါကြောင့် ကွင်းလယ်ကစားသမား ပေါ့ဘာဟာ နိုဝင်ဘာ ၁၃ ရက်မှာ ကာဇက်စတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၊ နိုဝင်ဘာ ၁၆ ရက်မှာ ဖင်လန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ပြင်သစ်အသင်းရဲ့ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍

## အာရှဖလားပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နိုင်ငံတကာခြေစမ်းပွဲများကစားမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်ဆန်းပိုင်းတွင် ကျင်းပမည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ယခုရက်ပိုင်းအတွင်း စတင်လေ့ကျင့်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် နှစ်လကျော် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ❖


**ယနေ့ ဖတ်စရာ**

**အိန္ဒိယဆေးရုံမီးလောင်မှု၌ မွေးကင်းစကလေး လေးဦး သေဆုံးပြီး ၃၆ ဦး ကယ်တင်နိုင်ခဲ့**



စာမျက်နှာ ၁၁

**ဂျပန်လေကြောင်းလိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း လက်မှတ်အား ဒစ်ဂျစ်တယ်စနစ်ဖြင့် စစ်ဆေး** စာမျက်နှာ ၁၂




**အခန်းဆက် ဝတ္ထုရှည်** စာမျက်နှာ ၁၉

**ယဉ်ကျေးလိမ္မာစာပဒေသာ** စာမျက်နှာ ၂၀၊ ၂၁